ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ စနေနေ့၊ (29-3-2008) (၅၆၃၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ရှေ့ဆက်သွားမယ့် လမ်းစဉ်(၇)ရပ်အတိုင်း မှန်ကန်စွာ အချိန်ကိုက် ချီတက်လျက်ရှိ

တပ်မတော်အစိုးရဟာ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို မလွှဲသာ၊ မရှောင်သာ ရယူလိုက်ရပြီးနောက် အာဏာအရပ်ရပ်ကို ပြည်သူ့ထံသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် တစ်ရံမလပ် ခံယူပြီး ရည်မှန်းပြင်ဆင်ခဲ့တာဖြစ်တယ်။ တပ်မတော်ဟာ အာဏာကို မက်မောခြင်းမရှိဘဲ မိမိတာဝန်ယူရတဲ့အခိုက်မှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင်၊ တာဝန်လစ်ဟင်းခြင်းမရှိအောင် မနားမနေ အပင်ပန်းခံပြီး ကြိုးပမ်းထမ်းဆောင် နေခြင်းသာဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမယ့် လမ်းစဉ်(၇)ရပ်အတိုင်း မှန်ကန်စွာ အချိန်ကိုက် ချီတက်လျက်ရှိတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၃)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ဖြိုးစေတနာ မျက်စိအထူးကု အခမဲ့ဆေးခန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၈

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ဖြိုးစေတနာ မျက်စိအထူးကုအခမဲ့ဆေးခန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် အဆိုပါ အခမဲ့ဆေးခန်းတည်ရှိရာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် အင်းစိန်လမ်းထောင့်ရှိ မြို့တော် အခမဲ့ဆေးခန်း၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဦးအောင်သိန်းလင်းက ဖြိုးစေတနာ မျက်စိအထူးကုအခမဲ့ဆေးခန်းများ ဖွင့်လှစ်ရခြင်းနှင့် မျက်စိဝေဒနာရှင် ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်ကုသပေးနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးပဒေသာပင်အတွက် အလှူရှင် ၂၀ တို့က Eye Operating Microscope အပါအဝင် စုစုပေါင်း အလှူငွေကျပ် ၈၂၇၉၄၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့် အဖွဲ့ဝင်များသည် ဆေးဝါးစမ်းသပ်ကုသမှု ခံယူနေကြသည့် မျက်စိဝေဒနာရှင် လူနာများ၊ ခွဲစိတ်ခန်းမကြီး၌ ဆေးဝါးကုသခွဲစိတ်မှု ခံယူနေကြသော မျက်စိဝေဒနာရှင် လူနာများအား လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ ဖြိုးစေတနာ မျက်စိအထူးကုအခမဲ့ဆေးခန်း၌ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးကိုကိုသန့် ဦးဆောင်သော မျက်စိအထူးကုဆေးရုံကြီး၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးနှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးတို့မှ မျက်စိအထူးကုဆရာဝန်ကြီးများက မတ် ၂၆ ရက်မှစတင်၍ မျက်စိဝေဒနာရှင်ပြည်သူ ၃၁၇ဦး နှင့် ယနေ့ဖွင့်ပွဲနေ့တွင် မျက်စိဝေဒနာရှင်ပြည်သူ ၁၅၀ ဦးတို့အား မျက်စိစမ်းသပ်ကုသပေးလျက်ရှိပြီး မျက်စိဝေဒနာရှင် ပြည်သူ ၇၃ ဦးတို့အား ခွဲစိတ်ကုသပေးလျက်ရှိသည်။

ယင်း ဖြိုးစေတနာ မျက်စိအထူးကု အခမဲ့ဆေးခန်းတွင် လူမျိုးမရွေး၊ ဘာသာမရွေး မျက်စိဝေဒနာရှင် ပြည်သူများအား တစ်ပတ်လျှင် နှစ်ကြိမ် အခမဲ့ စမ်းသပ်စစ်ဆေးကုသပေးမည်ဖြစ်ပြီး တစ်ပတ်လျှင် တစ်ကြိမ် အခမဲ့ ပုံမှန်ခွဲစိတ်ကုသပေးသွားမည် ဖြစ်ကာ အသေးစား ခွဲစိတ်ကုသမှုများ ဆောင်ရွက်ရန်အတွက်လည်း ပြင်ဆင်ထားလျက်ရှိကြောင်းသိရှိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဖြိုးစေတနာ မျက်စိအထူးကု အခမဲ့ဆေးခန်းဖွင့်ပွဲတွင် မျက်စိဝေဒနာရှင်များအား ဆေးဝါးစမ်းသပ်ကုသနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၉-၃-၂၀၀၈
(စနေနေ့)

တပ်မတော်၏မွန်မြတ်သော အစဉ်အလာများ ဆက်လက်သယ်ပိုး ခေတ်ပြောင်းစနစ်ပြောင်းလုပ်ငန်းတာဝန် ကြိုးပမ်းရွက်ဆောင်

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ်လ ၂၇ ရက်နေ့က နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းမြွက်ကြားရာတွင် **နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတို့အတွက် အခြေခံကောင်းတွေ ဖြစ်ပေါ်တိုးတက်လာဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ယခုဆိုရင် ပြီးပြည့်စုံခြင်းမရှိသေးသော်လည်း အခြေခံလိုအပ်တဲ့ တည်ဆောက်မှုတွေကိုတော့ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်တယ်။ ဒါ့အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းဟာ ပြီးစီးပြီဖြစ်တဲ့အတွက် လာမယ့်မေလမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပေးမယ့်အပြင် ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပပေးခြင်းဖြင့် နိုင်ငံတော်အာဏာလွှဲပြောင်းရေးကို ဆောင်ရွက်နိုင်တော့မှာဖြစ်ကြောင်း ပြောကြားလိုတယ်** ဟူ၍ မိန့်ကြားခဲ့သည်။

ခေတ်အဆက်ဆက် နိုင်ငံတော်ကို အသက်စွန့်ကာကွယ်စောင့်ရှောက်လာခဲ့သော တပ်မတော်သည် မျက်မှောက်အချိန်အခါတွင်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်က ပြည်သူတို့၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အမျိုးသားညီလာခံကြီးကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့သည်။ ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲပြီးဖြစ်ရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီး ကျင်းပ၍ အတည်ပြုနိုင်တော့မည်ဖြစ်သည်။ အဆိုပါ ဆန္ဒခံယူပွဲကျင်းပပြီး ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပသွားမည် ဖြစ်သည်။

ဒို့တာဝန်အရေးသုံးပါးကို ထာဝရဦးထိပ်ပန်ဆင်လျက်ရှိပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ အကျိုးစီးပွားကို အစဉ်တစိုက် စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်လာခဲ့သည့် တပ်မတော်သည် မွန်မြတ်သော အစဉ်အလာများနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး ခေတ်ပြောင်းစနစ်ပြောင်း သမိုင်းဝင် လုပ်ငန်းတာဝန်များ အောင်မြင်စေရေးအတွက် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားနိုင်မည်သာ ဖြစ်ပါသည်။ ။

မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းမြို့မ ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော အသောကဓမ္မဗိမာန် လေးထပ်ကျောင်းဆောင်ကြီးအတွက် ကွယ်လွန်သူ ဖခင်ကြီး ဦးလှအေးနှင့် မိခင်ကြီး ဒေါ်ကျင်စိန်အားရည်စူး၍ ဦးဇော်ဝင်းနှင့် ကျန်ရစ်သူသားသမီးများက အလှူငွေကျပ်သိန်း ၃၀ လှူဒါန်းကြစဉ်။ [အဆိုပါ ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရေးသို့ လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးအေးမြင့် ဖုန်း-၆၆၁၁၅၄၊ ၀၉-၅၀-၁၉၃၁၆၊ အတွင်းရေးမှူး ဦးတိုး ဖုန်း-၀၉-၅၁၁၄၁၁၅၊ ဦးမောင်မောင်သိန်း ဖုန်း-၀၉-၅၁၃၁၆၀၈၊ ဦးတွတ် ဖုန်း-၆၅၀၃၀၉၊ ဒေါက်တာ အောင်မြသိန်း ဖုန်း-၆၅၁၅၂၆၊ ဒေါ်အေးအေးလှိုင် ဖုန်း-၆၆၆၇၅၇၊ ဦးတင်မြင့် ဖုန်း-၆၄၄၈၅၈၊ ၆၅၃၅၇၅ (လိုင်းခွဲ)၃၂၉၊ ဦးကျော်ထွေးမင်း ဖုန်း-၀၉-၅၀၁၁၆၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။] (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် ကချင်ပြည်နယ်၌ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ

ရန်ကုန် မတ် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မတ် ၂၀ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက်သို့ ရောက်ရှိပြီး ဆရာတော်ကြီးနှင့် သံဃာတော်များအား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဗန်းမော်မြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ဗန်းမော်မြို့နယ် ဟန်းတဲကျေးရွာမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား အမှာစကား ပြောကြားစဉ်။ (ဆက်သွယ်ရေး)

ဆက်လက်၍ ဝန်ကြီးသည် မတ် ၂၂ ရက်တွင် ဘဟဲကျေးရွာ အိတ်ချိန်းစခန်းရုံးသို့ရောက်ရှိကာ ဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဘဟဲကျေးရွာရှိ သံဃာတော်များအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စီအူကျေးရွာ ကျေးလက်အိတ်ချိန်းသို့ ရောက်ရှိပြီး ကျေးလက်ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စီအူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျေးရွာမှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ကျေးရွာအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မန်စီမြို့နယ် စီခမ်းကြီးကျေးရွာ ကျေးလက်ဆက်သွယ်ရေးအိတ်ချိန်းသို့ ရောက်ရှိကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စီခမ်းကြီးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းခန်းမ၌ ကျေးရွာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်လည်းကောင်း၊ မန်သာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ကျေးရွာမှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်လည်းကောင်း တွေ့ဆုံ၍ ကျေးရွာများအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မတ် ၂၃ ရက် နံနက်ပိုင်းတွင် ဗန်းမော်မြို့ တောင်လေးလုံးကျောင်းတိုက် ဓမ္မာရုံ၌ ဗန်းမော်မြို့နယ်ရှိ စာသင်တိုက်နှင့် ကျောင်းတိုက်များမှ ဆရာတော်ကြီးများနှင့် တိုက်အုပ်ဆရာတော်များ၊ မြို့နယ်အတွင်းရှိ သီလရှင်စာသင်တိုက်များမှ ဆရာကြီးများအား ဖူးမြော်၍ ကျောင်းတိုက်များအတွက် ဆန်၊ ဆီများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ဝန်ကြီးသည် ဗန်းမော်မြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ဗန်းမော်မြို့နယ် ဟန်းတဲကျေးရွာမှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းငွေရုံ ဆရာတော် မွေးနေ့ပူဇော်ပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မတ် ၂၈

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် မဒေါက်မြို့ ပန်းငွေရုံတောရကျောင်းတိုက်နှင့် ပန်းငွေရုံတောရ သာသနာ့ရိပ်သာတို့၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပန်းငွေရုံဆရာတော် စိန်ရတုမွေးနေ့ပူဇော်ပွဲ၊ ဇန်နဝါရီ ၄ ရက်နေ့တွင် နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဂုဏ်ပြုပူဇော်ပွဲ၊ ပန်းငွေရုံတောရ သာသနာ့ရိပ်သာဖွင့်ပွဲ၊ ဝင်းရတနာ ဓမ္မဗိမာန်နှင့် ကျောင်းဆောင်များ ရေစက်ချအလှူပွဲများကို (၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်) မတ် ၂၉ ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ ပန်းငွေရုံဝေယျာဝစ္စအဖွဲ့မှ ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမများက ပန်းငွေရုံတောရ သာသနာ့ရိပ်သာ ဝင်းရတနာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပပူဇော်မည်ဖြစ်၍ ရပ်ဝေးရပ်နီးမှ ဆရာတော်ကြီး၏ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ ကြွရောက်ပူဇော်ဆင်နွှဲနိုင်ကြောင်း သိရသည်။

(က-ပ)

သဲအင်းဂူ(ရွှေပြည်သာ) သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ၆/၁၀ရပ်ကွက် ချင်းတွင်းလမ်းရှိ သဲအင်းဂူအမှတ်ခွဲ(၄) ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ခုနစ်ရက်တရားစခန်း ကျင်းပမည်ဖြစ်ရာ စခန်းဝင်လိုသော ယောဂီများသည် စာရင်းပေးသွင်းနိုင်ပြီး ဧပြီ ၁၁ ရက်အရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

အောင်စကြာဘဒ္ဒန္တ စန္ဒသူရိယတရားပွဲများ

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် ဧပြီ ၁ ရက်ညတွင် ကမာရွတ်မြို့နယ် (၅)ရပ်ကွက် ဆင်မလိုက် အုန်းတော ဆရာစံလမ်း တရားမဏ္ဍပ်၊ ၄ ရက်ည (ပထမပွဲ) ရန်ကင်းမြို့နယ် မိုယ်းကောင်းအရိယာဓမ္မာရုံ၊ (ဒုတိယပွဲ) လှိုင်သာယာမြို့ (၅)ထိပ်၊ ၇ ရက်ညတွင် ကျောက်တန်းမြို့ ကျိုက်ပြာသာဒ် တနောဘုရား၊ ၈ ရက်ညတွင် သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(ဃ) ရပ်ကွက် သိပ္ပံလမ်း ဦးသန်းဦး၊ ဦးသန်းထွေးတို့၏ အလှူမဏ္ဍပ်၊ ၉၊ ၁၀ ရက်ညများတွင် သုံးခွမြို့နယ် တကောကျေးရွာ၊ ၁၁ ရက်ညတွင် လှိုင်သာယာမြို့နယ် (၁၄)ရပ်ကွက်၊ ၁၂ ရက်ညတွင် သန်လျင်မြို့နယ် ကံမြင့်ကျေးရွာ၊ ၁၃၊ ၁၄ ရက်ညများတွင် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်၊ သန့်စင်လမ်းထိပ်၊ ၁၅ ရက်ညတွင် မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဝေဘာဂီလမ်းမကြီး သာသနာ့ရက္ခိတဓမ္မာရုံ၊ ၁၆ ရက်ညတွင် ရွှေပြည်သာမြို့နယ် သာစုကန်ကျေးရွာ သဘာဝကမ္မဋ္ဌာန်းကျောင်း၊ ၁၇ ရက်ညတွင် ဒလမြို့နယ် သမ္မတကမ်းခြေ၊ ၁၉ ရက်ညတွင် လှည်းကူးမြို့ စက်သုံးလုံးဝိပဿနာရိပ်သာ၊ ၂၁၊ ၂၂ ရက်ညများတွင် မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ၂၆၊ ၂၇ ရက်ညများတွင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာအုပ်စု လေးထောင့်ကန်ကျေးရွာတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး အောင်စကြာဆရာတော် ဖုန်း-၀၁-၂၂၄၁၆၈၁၊ ၀၉-၅၁၁၈၅၃၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပညာမွန်ဆရာတော်၏ ဓမ္မသဘင်များ

ရန်ကုန် မတ် ၂၈

ပဲခူးမြို့ ဥဿာမြို့သစ် ပြည်တွင်း၊ ပြည်ပသာသနာပြု ပညာမွန်ဆရာတော် ဘဒ္ဒန္တ ပညာသာမိသည် မတ် ၂၉ ရက်တွင် အင်းစိန်အုတ်ကျင်း ဂုန်နီစက်ရုံမှူး ဗိုလ်မှူး ဖဲဆောင်-ဒေါ်လဲ့လဲ့အောင် မိသားစုတို့၏ ရဟန်းခံရှင်ပြု အလှူတော်၌ နေ့တရားပွဲနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေးထောင့်ကန်စံပြကျေးရွာ ဦးစန်းလွင်-ဒေါ်တင်တင်လှတို့၏ ရဟန်းခံ၊ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာ၌ ညတရားပွဲ၊ ဧပြီ ၅ ရက်တွင် ပဲခူးမြို့နယ် ဇေတုဝတီ ရွှေကျင်ကျောင်း စုပေါင်းရဟန်းခံရှင်ပြုပွဲနှင့် ဧပြီ ၉ ရက်တွင် ဦးပေစိ-ဒေါ်အေးကျင် မိသားစုတို့၏ ရဟန်းခံရှင်ပြုပွဲ၊ ဧပြီ ၁၀ ရက်တွင် ပညာမွန်ကျောင်းတိုက် စုပေါင်းရဟန်းခံရှင်ပြုပွဲများ၌ နေ့တရားပွဲနှင့် ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ ပညာမွန်ကျောင်းတိုက် ၁၀ ရက် တရားစခန်းတို့၌ နေ့၊ ညတရားပွဲများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ တရားပွဲ ပင့်လျှောက်လိုသူများသည် ပညာမွန်ကျောင်းတိုက် ဖုန်း ၀၅၂-၃၀၂၀၂ နှင့် ၀၉၅၃၀၂၁၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မန္တလေးတိုင်းအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် မတ် ၉ရက်တွင် မန္တလေး တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၅ ဖွဲ့၏ မြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်ကြသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားကာ ဖျောက်ဆိပ်ပင်-ရေသရောက် ကျေးရွာချင်းဆက်လမ်းအား ကျောက်ကြီးများ စီခင်းနေသောလုပ်ငန်းခွင်သို့ ရောက်ရှိ စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တွင် ကတ္တရာခင်းပြီးသော သုံးမိုင်နှင့် မြေသားလမ်းပေါ်တွင် မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုပြီး ကျောက်ဆည်မြို့နယ် ဇော်ဂျီမြစ်ကူး သံရှာတံတား(နောင်ခမ်း) ကမ်းကပ်ခုံ မြေထိန်းနံရံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)သည် မန္တလေးတိုင်းအတွင်း အရှည် ၂၁၃ မိုင်တွင် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ရသည့် မိုင်မှာ ၁၂၈ မိုင် နှစ်ဖာလုံရှိပြီး လမ်းတစ်လျှောက် အကျိုးပြုသည့် ကျေးရွာပေါင်းမှာ ၁၂၆ ရွာ ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး လုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရေး၊ မြို့ရေပေးဝေရေးနှင့် ကျေးလက် ရေပေးဝေရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ပေးရန်၊ မီးဘေးလုံခြုံရေးစီမံချက်များ ထားရှိဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ထမ်းသက်သာဆိုင်နှင့် အဖွဲ့ပိုင် ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် ပထမပြန်စာမေးပွဲစာဖြေဆိုဌာနတွင် သံဃာတော်များ စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့၌ ပထမပြန်စာမေးပွဲဖြေဆိုနေမှု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် လှည့်လည်ကြည့်ရှု

ရန်ကုန် မတ် ၂၈

သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်သည် ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ပထမပြန်စာမေးပွဲစာဖြေဌာနသို့ သွားရောက်၍ ပထမပြန် ကြီးကြပ်ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် သံဃာတော်များ စာမေးပွဲဖြေဆိုနေမှုကို လိုက်လံကြည့်ရှုရာ သံဃာတော်များအေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ ဗဟန်းမြို့နယ်တွင် ပထမပြန်စာမေးပွဲသို့ စာဖြေသံဃာတော်နှင့် သီလရှင် စုစုပေါင်း အပါး ၄၀၀ တို့သည် မတ် ၂၄ရက်မှ စတင်ဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။ (သတင်းစဉ်)

လှိုင် (၁၆) ရပ်ကွက် မလွန်ဆန်လှူသင်းထောက် တရားပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆) ရပ်ကွက်လုံးဆိုင်ရာ မလွန်ဆန်လှူသင်းထောက်နှင့် တိပိဋက နိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့၏ (၃၁) ကြိမ်မြောက် အလှူရေစက်ချ အခမ်းအနားတရားပွဲများကို ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ ညစဉ် ၇ နာရီတွင် လှိုင် (၁၆) ရပ်ကွက် ပါရမီလမ်းရှိ အလက (၆) ကျောင်းဝင်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။ ဧပြီ ၁ ရက်တွင် ဘဒ္ဒန္တနန္ဒိမာဓိပတိ (ဂန္ထဝါစက ပဏ္ဍိတ ဖောင်တော်သီစာသင်တိုက် မင်းကွန်းတောင်ရိုး)၊ ဧပြီ ၂ ရက်တွင် ဘဒ္ဒန္တဇဝန (မေတ္တာရှင် ရွှေပြည်သာ၊ ဓမ္မကထိက၊ မန္တလေးကျောင်းတိုက်)၊ ဧပြီ ၃ ရက်တွင် ဘဒ္ဒန္တကုဏ္ဍက (ဗဟုဇနဟိတရေ၊ ညောင်ကန်တိုက်၊ မန္တလေး)၊ ဧပြီ ၄ ရက်တွင် ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ မိုးတားကျောင်း၊ အနောက် ခင်မကန်တိုက်၊ မန္တလေး)၊ ဧပြီ ၅ ရက်တွင် ဘဒ္ဒန္တဥတ္တမ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်)၊ ဧပြီ ၆ ရက်တွင် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ဗဟန်း)၊ ဧပြီ ၇ ရက်တွင် ဘဒ္ဒန္တ ပညာသီရိလင်္ကာရ (ပိဋကတ် နှစ်ပုံခွဲဆောင်၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်)၊ ဧပြီ ၈ ရက်တွင် ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အောင်သစ္စာကျောင်းတိုက်၊ ကျိုက်ထိုမြို့)၊ ဧပြီ ၉ ရက်တွင် ဘဒ္ဒန္တသုမင်္ဂလ (သာသနတက္ကသိုလ မဟာဓမ္မာစရိယ (M.A) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်) နှင့် ဧပြီ ၁၀ ရက်တွင် ဘဒ္ဒန္တဝဏ္ဏိတ (ပဓာန မဟာနာယက၊ ဂန္ဓာရုံစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်) တို့က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

လှိုင်မြို့နယ် အမှတ် (၅)ရပ်ကွက်ရှိ ကြံခင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ အသစ်တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းတော်ကြီးအတွက် လှိုင်မြို့နယ် မြနန္ဒာလမ်း မြကန်သာအိမ်ရာ (၅)ရပ်ကွက် မှ ဒေါ်ခင်ခင်ဝင်း၏ မွေးနေ့အလှူအဖြစ် အလှူငွေကျပ် ၁၈၀၀၀၀ ကို ဆရာတော် အရှင် ပဏ္ဍိစ္စထံ ဆက်ကပ်လှူဒါန်းစဉ်။ (၅၄၃)

မော်လမြိုင် သဲအင်းဂူ အမှတ် (၁) သင်္ကြန် အထူးအဓိဋ္ဌာန်တရားစခန်း

ရန်ကုန် မတ် ၂၈

မော်လမြိုင်မြို့ သဲအင်းဂူ အမှတ်(၁) ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် သင်္ကြန် အထူးအဓိဋ္ဌာန်တရားစခန်းကို ဧပြီ ၁၁ရက်မှ ဧပြီ ၂၀ရက်အထိ ၁၀ရက်တိုင်တိုင် ပြုလုပ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုကြသူများသည် မှတ်ပုံတင်များယူဆောင်၍ ဧပြီ ၁၀ရက်အရောက် လာရောက်ကြပါရန်နှင့် လှူဒါန်းလိုကြသူများသည် ဖုန်း-၀၅၇-၂၅၇၆၇၊ ၀၅၇-၂၄၆၂၂ နှင့် ၀၅၇-၂၄၉၃၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကြယ်စင်ဖူးကုမ္ပဏီက ကြီးမှူးကျင်းပသော အဆင့်မြင့်ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို မတ် ၂၈ ရက်တွင် အင်းစိန် ခုံးကျော်တံတားထိပ်နှင့် နွယ်သာကီပန်းခြံအနီး၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေတို့ ဖဲကြိုးဖြတ်၍ဖွင့်လှစ်ကြစဉ်။ (၆၁)

အလင်းရောင် မဟာစည်ရိပ်သာ တရားစခန်း ဖွင့်မည်

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ခတ္တာလမ်း (၁)ရပ်ကွက် အလင်းရောင် မဟာစည်ရိပ်သာ၏ (၁၉)ကြိမ်မြောက် သင်္ကြန် ၁၀ ရက် တရားစခန်း အားထုတ်ပွဲကို ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်၍ တရားအားထုတ်လိုသူများ၊ ရှင်ပြု ဒုလ္လဘရဟန်းခံနှင့် သီလရှင်ဝတ်လိုသူများသည် ဧပြီ ၁၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်၊ ဆေးဝါးပစ္စည်း လှူဒါန်းလိုသူများ ဖုန်း-၆၆၅၃၀၇သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၅	၄။	ကျန်းမာသုတ
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁:၅၀	၆။	အမျိုးသားရေးတေးကဗျာ
၁:၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၂၀	၅။	မျိုးချစ်တပ်မတော်
၄:၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပျော်ရွှင်ပါစေ (အပိုင်း-၈)**
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	လူရွှင်တော်ရွှေဖလား
	၁၈။	English Usage
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စည်းခြားထားသောအချစ် (အပိုင်း-၁၈)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

သုဝဏ္ဏသိင်္ဂီ မိုးကုတ်ဓမ္မရိပ်သာ သုံးထပ်ဆောင် ဆောက်လုပ်ရေး ငွေလှူဒါန်း

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(ဂ)ရပ်ကွက် သံသုမာလမ်းရှိ သုဝဏ္ဏသိင်္ဂီ မိုးကုတ်ဓမ္မရိပ်သာ သုံးထပ်ဆောင် ဆောက်လုပ်ရေးအတွက် အလှူရှင်များကအလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ စမ်းချောင်းမြို့နယ် ဝါးခယ်မလမ်းနေ ဒေါ်ကြင်မိသားစုက ငွေကျပ် ၁၀ သိန်း၊ သုဝဏ္ဏ မီးဒုံးလမ်းနေ ဒေါ်နန္ဒာသိင်္ဂီအား အမှူးထား၍ ဦးပြုံးချို-ဒေါ်သန်းသန်းဌေး၊ ဒေါ်သန်းသန်းကြိုင်၊ မိမိကြိုင်ညီအစ်မများက အလှူငွေကျပ် ငါးသိန်း၊ သုဝဏ္ဏ ကမာကြည်လမ်းနေ ဗိုလ်မှူးကြီးခင်မောင်အေး (ငြိမ်း)-ဒေါ်မြင့်မြင့်တင် မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးချစ်ပန်း-ဒေါ်သိန်းသိန်းမြင့် (စတိုင်ကျ စက်ဘီးဆိုင်)မှ ငွေကျပ်တစ်သိန်း၊ သုဝဏ္ဏ ကသစ်မြိုင်လမ်းနေ ဦးကြည်ထွန်း-ဒေါ်စိန်စိန် မိသားစုက ငွေကျပ် ငါးသောင်းနှင့် တောင်ဥက္ကလာပမြို့နယ်နေ မောင်ဇေယျာလင်းက မွေးနေ့အထိမ်းအမှတ် ငွေကျပ်ငါးသောင်း တို့ကို လာရောက်လှူဒါန်းကြသည်။

လှူဒါန်းလိုသော အလှူရှင်၊ စေတနာရှင်များသည် ဖုန်း-၅၇၂၃၉၅၊ ၀၉၅၀၅၁၅၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဘဂ္ဂဒက်အစိမ်းရောင်နယ်မြေ၌ တိုက်ခိုက်မှုဖြစ်ပွား အမေရိကန် အရပ်သားသုံးဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ လုံခြုံရေးတင်းကျပ်ထားသည့် အစိမ်းရောင်နယ်မြေတွင် မတ် ၂၆ရက်က ပစ်ခတ်မှုဖြစ်ပွားရာ အမေရိကန် အစိုးရအတွက် အလုပ်လုပ်နေသော အမေရိကန်အရပ်သား သုံးဦး ဒဏ်ရာရရှိကြောင်း အမေရိကန်သံရုံးက ပြောကြားသည်။

ယင်းနေ့ စောစောပိုင်းက ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားရာတွင် ဒေသစံတော်ချိန် နံနက် ၅နာရီခန့်က အစိမ်းရောင်နယ်မြေ၌ မော်တာဗုံးသီး လေးလုံးခန့် ကျရောက်သည်ဟုဆိုသည်။

အခြားမော်တာဗုံးသီး လေးလုံးခန့်သည်လည်း နံနက် ၉နာရီခန့်၌ အဆိုပါဒေသသို့ ကျရောက်ခဲ့သည်ဟု ဆိုသည်။

ယင်းဒေသရှိ နိုင်ငံခြားသံရုံးများနှင့် အစိုးရရုံးများ၊ အိမ်များဝန်းကျင်တွင် ကာကွယ်ရေးအချက်ပေး ဥသြသံများ ကြားကြရသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကယ်လီဖိုးနီးယားရှိ အိတ်စ်စီအိုအာရဲ အာကာသယာဉ်လုပ်ငန်းမှ ထုတ်လုပ်လျက်ရှိသည့် နှစ်ယောက်စီးအာကာသခရီးသွား လင်နက်စ်ယာဉ် အာကာသအတွင်း၌ ပျံသန်းနေပုံ သရုပ်ဖော်ရေးဆွဲထားသည်ကိုတွေ့ရစဉ်။ ထိုယာဉ်မှာ ၂၀၁၀ ပြည့်နှစ်မှစ၍ အာကာသသို့ ပျံသန်းနိုင်မည်ဖြစ်သည်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆိုက်ပရပ်စ်၌ ပိုင်းခြားထားသည့်နယ်မြေ ပထမဆုံးအကြိမ်ပြန်ဖွင့်မည် ကုလသမဂ္ဂ မိုင်းရှင်းလင်းရေးအဖွဲ့များ စစ်ဆေးဖယ်ရှား

နီကိုရှား မတ် ၂၇

ဆိုက်ပရပ်စ်နိုင်ငံတွင် ဂရိဆိုက်ပရပ်စ်နှင့် တာကစ်ဆိုက်ပရပ်စ်တို့အား ပိုင်းခြားထားသောနယ်မြေကို ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် ဖွင့်ပေးရေးအတွက် ကုလသမဂ္ဂမိုင်းရှာဖွေရေးသမားများသည် ဗုဒ္ဓဟူးနေ့မှစ၍ အတားအဆီးများကို စတင်စစ်ဆေးနေပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စိတ်ဝမ်းကွဲပြားလျက်ရှိသော အဖွဲ့အစည်းနှစ်ခု၏ ခေါင်းဆောင်များသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်ရန် သဘောတူပြီးနောက် ကိုက် ၈၀ အကွာအဝေးရှိ ခွဲခြားနယ်မြေကို ဧပြီလစောစောပိုင်းတွင် ပြန်ဖွင့်ပေးတော့မည်ဖြစ်သည်။

မိုင်းရှင်းလင်းရေး ကျွမ်းကျင်သူ ခြောက်ဦးတို့သည် မိုင်းရှာကိရိယာ အစုံအလင်ဖြင့် အဆိုပါ နယ်မြေအတွင်းသို့ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ဝင်ရောက်သွားသည်။

ထိုနယ်မြေအတွင်း မိုင်းရှာဖွေခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိရာ ကြာသပတေးနေ့တွင် ပြီးဆုံးလိမ့်မည်ဟု မျှော်လင့်ကြောင်း ကုလသမဂ္ဂ အရာရှိတစ်ဦးက ပြောကြားသည်။

၁၉၇၄ ခုနှစ်တွင် တာကစ်တို့က ဆိုက်ပရပ်စ်ကျွန်းကို ကျူးကျော်ဝင်ရောက်ပြီးနောက် ဂရိဆိုက်ပရပ်စ်နှင့် တာကစ်ဆိုက်ပရပ်စ်ဟူ၍ နှစ်ပိုင်းကွဲသွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။



ပြန်ပေးဆွဲခံရသော ခရီးသည်များ ပြန်လည်လွှတ်မြောက်လာ

အစ္စလာမ္မာဘတ် မတ် ၂၇

ပါကစ္စတန် အနောက်မြောက်ပိုင်း မျိုးနွယ်စုများ နေထိုင်ရာဒေသတွင် လွန်ခဲ့သော ရက် ၂၀ ရက်ခန့်က ပြန်ပေးဆွဲခံထားရသော ခရီးသည်များကို ဗုဒ္ဓဟူးနေ့တွင် ပြန်လွှတ်ပေးလိုက်ကြောင်း ပြည်တွင်းတီဗွီလိုင်းက ကြေညာသွားသည်။

ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပြန်ပေးဆွဲသူများအကြား ဆွေးနွေးပြီးနောက် အဆိုပါ ခရီးသည်များကို ပြန်လွှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

လက်နက်များကိုင်ဆောင်ထားသော မျိုးနွယ်စုဝင်များသည် အာဖဂန်နစ္စတန်သို့သွားသော ဘတ်(စ်)ကားပေါ်မှ ခရီးသည် ၄၀ ကို ပြန်ပေးဆွဲခဲ့သည်။ အာဖဂန်နစ္စတန်တွင် လွန်ခဲ့သောလက ဖမ်းဆီးခြင်း ခံခဲ့ရသော ၎င်းတို့၏ ဆွေမျိုးများ လွှတ်ပေးရေးကို တောင်းဆိုရန် ရည်ရွယ်သည်။

ပါကစ္စတန်- အာဖဂန်နစ္စတန် ချစ်ကြည်ရေး ဘတ်(စ်)ကားသည် အာဖဂန်နစ္စတန် နင်ဂရာဟာပြည်နယ်သို့ ဦးတည်သွားနေစဉ် ဇာခါခယ်လ်နယ်မြေအရောက်၌ မျိုးနွယ်စုတို့၏ ပြန်ပေးဆွဲခြင်းခံရသည်ဟု နယူးနက်ဝပ်အင်တာနေရှင်နယ် သတင်းဌာနက ဖော်ပြသည်။

ခရီးသည်အားလုံးသည် အာဖဂန်အမျိုးသားများဖြစ်ကြောင်း ဖော်ပြသည်။

အာဖဂန်နစ္စတန် ဂျာလာလာဘတ်မြို့နှင့်ပါကစ္စတန်အနောက်မြောက်ပိုင်းမှ ပက်ရှဝါမြို့တို့အကြား ချစ်ကြည်ရေး ဘတ်စ်ကား ခရီးစဉ်ကို လွန်ခဲ့သည့်နှစ်က စတင်ပြေးဆွဲခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် လုံခြုံရေးတပ်ဖွဲ့များနှင့် တိုက်ခိုက်လျက်ရှိသည့် ရှီးယိုက်မီဒီတပ်ဖွဲ့ဝင်များကို မတ် ၂၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သီရိလင်္ကာနိုင်ငံတွင် လူကုန်ကူးမှုလုပ်ငန်း မြင့်တက်လာဟု ကုလသမဂ္ဂပြောကြား

ကိုလံဘို မတ် ၂၇

သီရိလင်္ကာနိုင်ငံတွင် ပြည်တွင်းစစ်ကာလကြာရှည်စွာ ဖြစ်ပွားနေမှုကြောင့် လူကုန်ကူးမှုလုပ်ငန်းကို အလေးထားတိုက်ဖျက်နိုင်ခြင်း မရှိခဲ့ကြောင်း ကုလသမဂ္ဂမှ အထက်တန်းတာဝန်ရှိသူက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

တမီးလ်ကျားသူပုန်များနှင့် သီရိလင်္ကာလုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်ပွားရာ သီရိလင်္ကာနိုင်ငံ၏ မြောက်ပိုင်းနှင့်အရှေ့ပိုင်းမှ ထွက်ပြေးလာသည့် ဒုက္ခသည်ပြည်သူလူထုသည် ၁၉၈၃ ခုနောက်ပိုင်းတွင် ပိုမိုမြင့်မားလာခဲ့ပြီး ဒုက္ခသည်များအပေါ် အမြတ်ထုတ်သည့်အနေဖြင့် လူကုန်ကူးသည့် မှောင်ခိုလုပ်ငန်းကို တံခါးဖွင့်ပေးသကဲ့သို့ရှိနေခဲ့သည်ဟု ကုလသမဂ္ဂက ပြောကြားသည်။

လူဦးရေသန်း ၂၀ ရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော သီရိလင်္ကာသည် အာရှတစ်ဝန်း၌ လူကုန်ကူးမှုဖြစ်ပွားမှု အနည်းဆုံးဖြစ်ခဲ့သည်။

တောင်အာရှဒေသတွင် နှစ်စဉ် လူ ၁၅၀၀၀၀ ထက်မနည်း လူကုန်ကူးခံခဲ့ရပြီး အိန္ဒိယနိုင်ငံသည် အများဆုံးဖြစ်ကာ ယင်းနောက်မှ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်တို့ ရှိကြသည်။

သို့ရာတွင် သီရိလင်္ကာတပ်ဖွဲ့များနှင့် တမီးလ်ကျားသူပုန်များအတွင်း တိုက်ခိုက်မှုပြင်းထန်လာသည်။ ၂၀၀၆ ခုနှစ် ဧပြီလနောက်ပိုင်းတွင် သီရိလင်္ကာမှ လူ ၁၈၈၀၀၀ ခန့်သည် ၎င်းတို့၏ အိုးအိမ်များကို စွန့်ခွာခဲ့ရသည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းပါတီနှစ်ခု ဖျက်သိမ်းခံရဖွယ်ရှိ

ဗန်ကောက် မတ် ၂၇

ထိုင်းနိုင်ငံ ရွေးကောက်ပွဲကော်မရှင် (အီးစီ)၏ အကြံပေးအဖွဲ့က ချတ်ထိုင်းပါတီနှင့် မတ်ချီမာသိပါသာယာပါတီနှစ်ခုကို ဖျက်သိမ်းရန် အီးစီသို့ ထောက်ခံတင်ပြရန်အတွက် ခြောက်မဲတစ်မဲဖြင့် မဲပေးဆုံးဖြတ်လိုက်သည်။

အီးစီသည် အကြံပေးအဖွဲ့၏ အစီရင်ခံစာကို သုံးသပ်ရမည်ဖြစ်သည်။ သို့သော် လက်ရှိအာဏာရ ညွန့်ပေါင်းအစိုးရတွင် ပါဝင်သော ယင်းပါတီနှစ်ခုကို ဖျက်သိမ်းရေး၊ မသိမ်းရေးကို အဆုံးအဖြတ်ပေးရန်အတွက် အခြေခံဥပဒေတရားရုံးသို့ တင်ပြရမည်ဖြစ်သည်။ ဒီဇင်ဘာ ၂၃ ရက် အထွေထွေရွေးကောက်ပွဲတွင် ထိုပါတီနှစ်ခု၏ အကြီးအကဲများသည် ရွေးကောက်ပွဲစည်းမျဉ်းချိုးဖောက်ခြင်းကြောင့် သတိပေးခံရပြီး ယခုကဲ့သို့ ဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ချတ်ထိုင်းပါတီမှ ဒုတိယအထွေထွေအတွင်းရေးမှူး မွန်တိန်းဆွန်ပရာချာနှင့် မတ်ချီမာသိပါသာယာပါတီမှ ဒုတိယ ခေါင်းဆောင် ဆွန်သွန်ပီလာဝန်တို့နှစ်ဦးကို ရွေးကောက်ပွဲ စည်းကမ်းချိုးဖောက်မှုဖြင့် သတိပေးခံရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့ စက်မှုဇုန်တွင် မတ် ၂၆ ရက်က မီးရှူးမီးပန်း စက်ရုံ ပေါက်ကွဲမီးလောင်ရာ မီးခိုးလုံးများ တက်လာသည်ကို အဝေးမှ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒူဘိုင်းတွင် မီးရှူးမီးပန်းဂိုဒေါင် ပေါက်ကွဲ မီးလောင် နှစ်ဦးသေဆုံး

ဒူဘိုင်း မတ် ၂၇

အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒူဘိုင်းမြို့တွင် ဗုဒ္ဓဟူးနေ့က မီးရှူးမီးပန်းဂိုဒေါင် မီးလောင်ပေါက်ကွဲရာ လူနှစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုသည် နံနက်ပိုင်း အလုပ်သမားများ၊ ရုံးသူ၊ ရုံးသားများ လုပ်ငန်းခွင်မဝင်မီ ဖြစ်ပွားခြင်း ဖြစ်ပြီး အနီးအနားရှိ ဂိုဒေါင်များ၊ အလုပ်ရုံများသို့ ကူးစက်ပျံ့နှံ့သွားသည်။

မီးရှူးမီးပန်းများကို စနစ်တကျ လုံခြုံစွာ သိုလှောင်ထားခြင်း မရှိသည့်အတွက် ပေါက်ကွဲခြင်းဖြစ်သည်ဟု ဝမ်သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ။

မြောက်ကိုရီးယားဒုံးကျည်များ စမ်းသပ်ပစ်လွှတ်

ဆိုးလ် မတ် ၂၈

မြောက်ကိုရီးယားနိုင်ငံ ကမ်းခြေဒေသမှ တာတိုပစ်ဒုံးကျည်အမြောက်အမြားကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ယွန်ဟပ်သတင်းဌာနက မတ် ၂၈ရက်တွင် ထုတ်ပြန်ကြေညာသည်။

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ် နိုင်ငံပူးတွဲ၍ တည်ထောင်မည့် စက်မှုဇုန် ထူထောင်ရေးစီမံကိန်းမှ တောင်ကိုရီးယား အရာရှိများကို ပြန်လည်ရုပ်သိမ်းသွားပြီးနောက်တစ်ရက်အကြာတွင် မြောက်ကိုရီးယားက ဒုံးပျံများကို စမ်းသပ်ပစ်လွှတ်ခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာကာသလွန်းပြန်ယာဉ်အင်ဒင်းဗား မြေပြင်သို့ပြန်လည်ဆင်းသက်

ဝါရှင်တန် မတ် ၂၇

အမေရိကန်အာကာသလွန်းပြန်ယာဉ် အင်ဒင်းဗားသည် အပြည်ပြည်ဆိုင်ရာအာကာသစခန်း၌ အထူးတည်ဆောက်ရေးလုပ်ငန်းများကို ၁၆ရက်ကြာ ပြုလုပ်ပြီးနောက် ဖလော်ရီဒါရှိ ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်းသို့ မတ် ၂၆ရက် ညက ပြန်လည်ဆင်းသက်လာပြီဖြစ်ကြောင်း နာဆာက သတင်းထုတ်ပြန်သည်။

အင်ဒင်းဗား အာကာသလွန်းပြန်ယာဉ်သည် မိုင် ၆ဒသမ၅သန်း ခရီးနှင်ပြီးနောက် အာကာသယာဉ်မှူး ခုနစ်ဦးနှင့်အတူ မတ် ၂၆ ရက် ည ၈ နာရီ ၃၉မိနစ်တွင် မြေပြင်သို့ ပြန်လည်ဆင်းသက်နိုင်ကြောင်း သိရသည်။

ထိုအာကာသယာဉ် ပြန်လည်ရောက်ရှိလာခြင်းနှင့် အာကာသယာဉ်မှူး အားလုံးတို့အား ကြိုဆိုပါကြောင်း အာကာသယာဉ် ထိန်းချုပ်ရေးစခန်းမှ ပြောကြားသည်။ ၎င်းအာကာသလွန်းပြန်ယာဉ်ဖြင့် ခရီးသွားရခြင်းမှာ ခရီးစဉ်အစမှအဆုံးထိအောင် စိတ်လှုပ်ရှားဖွယ်ကောင်းကြောင်း အာကာသယာဉ်အဖွဲ့ အကြီးအကဲ ဒိုမိနစ်ခ်ဂိုရီက ပြန်လည်ပြောကြားသည်။

အာကာသယာဉ်များ ညအချိန် ဆင်းသက်ခြင်းသည် ယခုအကြိမ်နှင့်ဆိုပါက ၂၂ ကြိမ်ရှိသွားပြီဟု သိရသည်။ မူလက အာကာသယာဉ်ဆင်းသက်ရမည့် အချိန်မှာ ည ၇နာရီ ၅မိနစ်ဟု သတ်မှတ်ထားသော်လည်း ပထမအကြိမ်ဆင်းသက်ချိန်၌ တိမ်ထူထပ်နေသည့်အတွက်ကြောင့် မဆင်းသက်နိုင်ဘဲ အချိန်ရွှေ့ဆိုင်း၍ ဆင်းသက်ရခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါ အာကာသလွန်းပြန်ယာဉ်ကို မတ် ၁၁ ရက်က စတင်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အာကာသစခန်းတွင် နေထိုင်ခဲ့သော ၁၂ ရက်အချိန်အတွင်း၌ အာကာသစခန်း၏ အပြင်သို့ ငါးကြိမ်တိုင်တိုင်ထွက်၍ စက်ရုပ်လက်နှစ်ဖက်ဖြင့် အာကာသဓာတ်ခွဲခန်းတို့ကို တပ်ဆင်နိုင်ခဲ့ပြီး အခြားသော အစိတ်အပိုင်းများကိုပါ အောင်မြင်စွာ ပြင်ဆင်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

အာကာသယာဉ်မှူးများသည် ပြင်ပသို့ ထွက်၍ လမ်းလျှောက်ရာ၌ ပထမသုံးကြိမ်တွင် စက်ရုပ်လက်ကို တပ်ဆင်ခြင်းနှင့် အာကာသဓာတ်ခွဲခန်းကို တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ စတုတ္ထအကြိမ်အာကာသတွင်း လမ်းလျှောက်ရာ၌ လွန်းပြန်ယာဉ်၏ ပျက်စီးနေသော အပူကာပြားများကို ပြင်ဆင်နိုင်မည့် နည်းလမ်းကို စမ်းသပ်ခြင်းဖြစ်ပြီး ပဉ္စမအကြိမ်အာကာသတွင်း ထွက်၍ လမ်းလျှောက်ခြင်းမှာ အာကာသစခန်းယာဉ်၏ အခြေအနေကို စစ်ဆေးရန်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာကာသစခန်းယာဉ်အား အင်ဒင်းဗားလွန်းပြန်ယာဉ်တွင် တပ်ဆင်ထားသည့် ကင်မရာမှရိုက်ကူးထားသည့် ဓာတ်ပုံကို မတ် ၂၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ကျောင်းသားများအား တပ်သားသစ်စုဆောင်းနေမှု ဗြိတိန်ကာကွယ်ရေးဌာနအား ကျောင်းဆရာများ စွပ်စွဲ

လန်ဒန် မတ် ၂၇

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် စစ်ပွဲများဖြစ်ပွားခဲ့ပြီးနောက် တပ်သားသစ်များခန့်ရန် ခက်ခဲနေချိန်တွင် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ကျောင်းများမှ တပ်သားသစ်များ စုဆောင်းနေကြောင်း ကျောင်းဆရာများက စွပ်စွဲပြောကြားလိုက်သည်။

စစ်ဘက်မှ စည်းရုံးသူများသည် စာသင်ကျောင်းများသို့ လာရောက်ပြီး စစ်တပ်သို့ဝင်ရောက်ရေးနှင့် ယင်းသို့ဝင်ရောက်ပါက လုပ်ငန်းကိုင်ငန်းရရှိ၊ သင်တန်းတက်၊ ခရီးသွားလာနိုင်ရေး အလားအလာများကို စည်းရုံးပြောဆိုကြပြီး လက်တွေ့အားဖြင့် စစ်မြေပြင်တွင် သေဆုံးမှုများကိုမူ ခပ်ပေါ့ပေါ့သဘောထား ပြောကြားနေကြသည်ဟု ကျောင်းဆရာများက ပြောကြားသည်။

စာသင်ကျောင်းများသည် ကာကွယ်ရေးဝန်ကြီးဌာန၏ တပ်သားစုဆောင်းရာနှင့် ဝါဒဖြန့်စရာနေရာမဖြစ်သင့်ဟု မန်ချက်စတာတွင်ကျင်းပသည့် ကျောင်းဆရာများ နှစ်ပတ်လည် ညီလာခံတွင် အဆိုတစ်ရပ် တင်သွင်းခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများအား စစ်ဘက်ဆိုင်ရာ သတင်းပေးမှုသည် တစ်ဖက်သတ်ဆန်လွန်းသည်ဟု တောင်ပိုင်း လန်ဒန်ဒေသရှိ ဆရာ၊ ဆရာမများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆိုက်ပရပ်စ်ဆွေးနွေးပွဲ တိုးတက်ဖြစ်ထွန်းမှုများရှိနေ

နီကိုးရှား မတ် ၂၇

ဆိုက်ပရပ်စ်အုပ်စုနှစ်စုမှ ခေါင်းဆောင်များ၏ အကြံပေးပုဂ္ဂိုလ်များက ယခုရက်သတ္တပတ်အတွင်း ဆွေးနွေးပွဲကျင်းပရန် ပြင်ဆင်မှုများ စတင်ပြုလုပ်နေကြပြီး အဆိုပါအုပ်စုနှစ်စုက အပြုသဘောဆောင်သည့် တိုးတက်ဖြစ်ထွန်းမှုများရှိခဲ့ကြောင်း အင်္ဂါနေ့က ပြောကြားသည်။ ပြည့်စုံညီညွတ်သည့် ပြန်လည်ပေါင်းစည်းရေးဆွေးနွေးပွဲများ ကျင်းပရေးအတွက် ပြင်ဆင်သည့်အနေဖြင့် အဆိုပါအကြံပေးနှစ်ဦးတို့က လုပ်ငန်း ဆောင်ရွက်ရေးအုပ်စုများနှင့် လုပ်ငန်းဆိုင်ရာကော်မတီများ ဖွဲ့စည်းရန်တာဝန်ကိုယူထားကြသည်။ ယင်းဆွေးနွေးပွဲများသည် သုံးလအတွင်း စတင်ပြုလုပ်ဖွယ်ရှိသည်။

အဆိုပါ သဘောတူညီချက်ကို မတ် ၂၁ရက်တွင် ဂရိဆိုက်ပရပ်စ်ခေါင်းဆောင် ဒီမီတရစ်ခရစ်စတိုဖီယာနှင့် တူရကီဆိုက်ပရပ်စ်ခေါင်းဆောင် မီမက်အလီတာလက်တို့က နီကိုးရှားရှိ ကုလသမဂ္ဂက စောင့်ကြည့်လေ့လာနေသည့် ကြားခံဇုန်တွင် တွေ့ဆုံညှိနှိုင်းခဲ့ရာမှ ရရှိခဲ့ခြင်းဖြစ်သည်။

အကြံပေးပုဂ္ဂိုလ်နှစ်ဦး၏ တွေ့ဆုံညှိနှိုင်းမှုမှ ပေါ်ထွက်လာသည့် ရလဒ်သည် အပြုသဘောဆောင်သည်ဟု တူရကီ ဆိုက်ပရပ်စ်ခေါင်းဆောင်၏ ပြောရေးဆိုခွင့်ရှိသူ ဟက်ဆန်အီရက်ကီယာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နော်ဝေနိုင်ငံ အလီဆန်မြို့တွင် တိုက်ခန်းများ ပြိုကျရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များ ရောက်ရှိလာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နော်ဝေတွင် တိုက်ခန်းပြိုကျ၊ အနည်းဆုံးငါးဦး သေဆုံးဖွယ်ရှိ

စတော့ဟုမ်း မတ် ၂၇

နော်ဝေနိုင်ငံ အနောက်ဘက်ကမ်းခြေမြို့တော် အလီဆန်တွင် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက တိုက်ခန်းများ ပြိုကျရာ အနည်းဆုံး လူငါးဦး သေဆုံးဖွယ်ရှိသည်ဟု အော့စလိုမြို့သို့ ရောက်လာသော သတင်းများအရ သိရသည်။

မြို့လယ်ရှိ လူနေတိုက်အသစ်တစ်လုံးသည် ယင်း၏ ပထမထပ်ကြမ်းပြင်အချို့ ကွဲအက်လာရာမှ ဒေသစံတော်ချိန် နံနက် ၄ နာရီခန့်၌ ပြိုကျသွားရာ အပျက်အစီးပုံများအကြားတွင် လူအချို့ ပိတ်မိနေသူမှာ ၂၁ဦးခန့်ရှိမည်ဟု ရဲတပ်ဖွဲ့က ခန့်မှန်းပြောဆိုသည်။

မီးသတ်သမားများ၊ ရဲတပ်ဖွဲ့များ၊ လူနာတင်ယာဉ်များ၊ အထူးလေ့ကျင့်ပေးထားသော ခွေးများနှင့် ရဟတ်ယာဉ်များသည် ကီလိုမီတာ ၃၅၀ ကွာဝေးသော အော့စလိုမြို့မှ အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိလာသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်ရန် ကြိုးပမ်းလျက်ရှိကြောင်း နော်ဝေပြည်သူ့အသံလွှင့်ဌာန အန်အာကေက ကြေညာသည်။

အမ်အင်အေ၊ဆင်ဟွာ

ထီပေါက်သူပိုင်ရှင် မပေါ်သဖြင့် ဆုငွေများ နိုင်ငံ့ဘဏ္ဍာဖြစ်သွားရ

လန်ဒန် မတ် ၂၇

ဗြိတိန်နိုင်ငံတွင် ထီဖွင့်ရာ ပေါင်ငွေ ၆ဒသမ ၉သန်းမှာ ပေါက်မဲနံပါတ်ထွက်သော်လည်း ဆုကြေးရရှိသူပိုင်ရှင်မပေါ်သဖြင့် ထိုဆုငွေမှာ နိုင်ငံ့ဘဏ္ဍာဖြစ်သွားကြောင်း သိရသည်။

ထီလက်မှတ် နံပါတ်မှာ ၂၂ ၃၀ ၃၄ ၃၅ ၄၄ ဖြစ်ပြီး ယင်းလက်မှတ်ကို ၂၀၀၇ ခုနှစ်စက်တင်ဘာ ၂၈ရက်၌ ဒီဗွန်မြို့တွင်ဝယ်ယူသွားခြင်းဖြစ်သည်။

ထီပေါက်မဲနံပါတ်ထွက်အပြီး ရက်ပေါင်း ၁၈၀အတွင်း လက်မှတ်ပိုင်ရှင်သည် ဆုကြေးငွေကိုထုတ်ယူရန် သတ်မှတ်ထားသည်။ နောက်ဆုံးသတ်မှတ်ထားသည့် မတ် ၂၆ရက် ညနေ ၅နာရီခွဲရောက်သည့်တိုင်အောင် ဆုလက်မှတ် ပိုင်ရှင်မပေါ်သဖြင့် ဆုကြေးမှာ နိုင်ငံ့ဘဏ္ဍာ ဖြစ်သွားပြီဖြစ် ကြောင်း ထီရုံးမှပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တူရကီတပ်ဖွဲ့ဝင်များက စစ်သွေးကြွများအား ထိုးစစ်ဆင်နွှဲ

အန်ကာရာ မတ် ၂၇

တူရကီလက်နက်ကိုင်တပ်ဖွဲ့များ(တီအက်စ်ကေ)က တူရကီနိုင်ငံ အရှေ့တောင်ပိုင်းဒေသသို့ ဝင်ရောက်ပြီး မတရားအသင်းကြေညာထားသည့် ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ)မှ စစ်သွေးကြွများအား ဆက်လက်တိုက်ခိုက်နေကြောင်း တူရကီမှ တူဒေးဇာမန်း(အချိန်)သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားသည်။

နွေဦးပေါက်ရာသီရောက်လာသည်နှင့်အညီ တောင်ထူထပ်ရာ ဒေသတစ်ဝန်းတွင် ရေခဲများ အရည်ပျော်စပြုနေပြီဖြစ်သဖြင့် တူရကီလက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ယင်းဒေသတွင် ထိုးစစ်ကြီးတစ်ရပ်ဆင်နွှဲရန် လွယ်ကူလျက်ရှိသည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။

အီရန်က ပီကေကေ အကြမ်းဖက်သမားများပုန်းအောင်းရာ ဇာဂရိုးစ်တောင်တန်းများနှင့် ကာရစ်စတန်ရှိ အကြမ်းဖက်သမားများအား ဗုံးကြဲတိုက်ခိုက်နေသည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။

ရေခဲများအရည်ပျော်စပြုမှုကြောင့် တီအက်စ်ကေအနေဖြင့် အကြမ်းဖက်အုပ်စုများထောင်ထားခဲ့သည့် မြေမြှုပ်မိုင်းများကို အလွယ်တကူ ထောက်လှမ်းနိုင်မည်ဖြစ်သည်ဟု သတင်းစာကရေးသားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မက္ကဆီကိုစီးတီးတွင် လွန်ခဲ့သည့်လက ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် မူးယစ်ဆေးဝါးဂိုဏ်းများ ပါဝင်ပတ်သက်မှုမရှိဟု ရှေ့နေချုပ်ပြောကြား

မက္ကဆီကိုစီးတီး မတ် ၂၇

မက္ကဆီကိုစီးတီးမြို့တွင် လွန်ခဲ့သည့်လက ဗုံးဖောက်ခွဲသော လုပ်ရပ်နောက်ကွယ်တွင် မူးယစ်ဆေးဝါးအဖွဲ့များ ပါဝင်ပတ်သက်မှုမရှိကြောင်း မက္ကဆီကိုစီးတီး ရှေ့နေချုပ်က အင်္ဂါနေ့တွင် ပြောကြားလိုက်ရာ တိုက်ခိုက်မှုသည် မူးယစ်ဆေးဝါး မှောင်ခိုသူများအား ပြစ်တင်ပြောကြားသည့် အဆိုပါမြို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၏ ယူဆချက်ကို ပျက်ပြားစေကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

အိမ်လုပ်ဗုံးငယ်တစ်လုံး ယူဆောင်လာသည့်လူတစ်ဦးက မက္ကဆီကိုစီးတီးမြို့တော်၏ ရဲတပ်ဖွဲ့အကြီးအကဲ၏ မော်တော်ယာဉ်အောက်တွင် ဗုံးထောင်ရန် ကြိုးပမ်းခဲ့ရာ အချိန်မကျသေးမီ ဗုံးပေါက်ကွဲခဲ့သည်။ ယင်းကြောင့် လူသေဆုံးမှုမရှိခဲ့သော်လည်း ကြံရာပါဟု မသင်္ကာသူတစ်ဦးနှင့် လမ်းသွားလမ်းလာတစ်ဦး ဒဏ်ရာ ရရှိခဲ့သည်။

ယင်းကဲ့သို့သော ဗုံးအမျိုးအစားသည် မူးယစ်ဆေးဝါးမှောင်ခို လုပ်နေသည့် ရာဇဝတ်ဂိုဏ်းများ၏ ခေတ်မီလက်နက်နှင့် လုပ်နည်းလုပ်ဟန်တို့နှင့် ကိုက်ညီမှုမရှိဟု ရှေ့နေချုပ် ယူကာဒိုမီဒီနာမိုရာက သတင်းထောက်များအား ပြောကြားသည်။

ယင်းသို့ ဗုံးခွဲတိုက်ခိုက်မှုကြောင့် မက္ကဆီကိုနိုင်ငံမှ အရှိန်အဝါကြီးမားသည့် မူးယစ်ဆေးဝါးဂိုဏ်းကြီးများက သမ္မတ ဖိလစ်ကယ်ဒရွန်နှင့် စစ်ဘက်တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထား ဗုံးဖောက်ခွဲမှု စတင်ပြုလုပ်နေသည်ဟု စိုးရိမ်မကင်းဖြစ်မှုများ ပေါ်ပေါက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

ရေကိုသား၍ အကြားမထင်သကဲ့သို့

စည်သူအောင်

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

နိုင်ငံတိုင်း၌ တပ်မတော်များ ရှိကြသည်။ တပ်မတော်တိုင်း၏ တာဝန်မှာ အမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုက်နက်နယ်မြေကို တစ်စုံတစ်ရာ ထိပါးကျူးကျော်ခြင်း မခံရစေရေးအတွက် ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။

အမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်တစ်ရပ်၏ ပင်မတာဝန်ဖြစ်သော်လည်း တပ်မတော်တစ်ရပ်တည်းကသာ တာဝန်ယူဆောင်ရွက်၍ ပြီးမြောက်နိုင်သည့်ကိစ္စမဟုတ်ပေ။ နိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြကုန်သော ညီအစ်ကိုနှောင်ဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့က တပ်မတော်နှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကူညီကာ စည်းလုံးညီညွတ်စွာ ကာကွယ်စောင့်ရှောက်ကြမှသာ "ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့"ဝင်လာနိုင်သည့် ဘေးဘျမ်းအန္တရာယ်တို့ မြူမျှပင်မတင်အောင် ဖယ်ရှားနိုင်မည်ဖြစ်သည်။

စင်စစ်၌ နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။ ယနေ့မျက်မှောက်ခေတ်ကာလတွင် နိုင်ငံတစ်ခုအတွက် ခြိမ်းခြောက်မှုပေါင်းများစွာ ဝန်းရံလျက်ရှိသည်။ အချုပ်အခြာအာဏာကို တိုက်ရိုက်ထိပါးသည့် ခြိမ်းခြောက်မှုများလည်းရှိသည်။ ပိုင်နက်နယ်မြေကို အတင်းအဓမ္မအင်အားသုံးဖဲ့ယူ၍ လက်ဝေခံ နိုင်ငံငယ်တစ်ခု ခွဲထုတ်ထူထောင်ပေးရန် ကြိုးပမ်းသည့် ခြိမ်းခြောက်မှုများလည်းရှိသည်။ နိုင်ငံတစ်ခု၏ယဉ်ကျေးမှုအစဉ်အလာ၊ ဓလေ့ထုံးစံ၊ အမျိုးသားရေး အထိမ်းအမှတ် လက္ခဏာတို့ကို တစ်စထက်တစ်စ ပျောက်ကွယ်သွားအောင် အနုနည်းဖြင့် ဝါးမျိုနေသည့် ခြိမ်းခြောက်မှုလည်းရှိသည်။ နိုင်ငံသားပြည်သူလူထု၏ အမျိုးသားရေး စည်းလုံးညီညွတ်မှုကို မကွဲကွဲအောင် နည်းမျိုးစုံဖြင့်ဖြိုခွဲ၍ ထိုးဖောက်လွှမ်းမိုးနိုင်အောင် ကြိုးပမ်းနေသည့် ခြိမ်းခြောက်မှုများလည်းရှိသည်။

နိုင်ငံတစ်ခုကို အိမ်ခြံဝင်းတစ်ခုဖြင့် ပမာပြုပါလျှင် တပ်မတော်တစ်ရပ်သည် ခြံစည်းရိုးနှင့်ပမာတူသည်။ ဤခြံစည်းရိုးကို ပြင်ပမှ မည်သူကမျှ လာရောက်ကာရံပေးသည် မဟုတ်။ အိမ်တွင်းရှိ အိမ်သားများကသာ ဝိုင်းဝန်း၍ ကာရံထားရခြင်းဖြစ်သည်။ ခြံစည်းရိုးတောင့်တင်းသည်နှင့်အမျှ ပြင်ပမှ ခွေးလေခွေးလွင့်ကအစ သူခိုးဓားပြအဆုံး မည်သည့်အန္တရာယ်မျှ အလွယ်တကူ မဝင်ရောက်နိုင်။ ခြံစည်းရိုးက ယိုင်နဲ့နဲ့၊ လဲပြိုလုလု၊ ဖရိုဖရဲဖြစ်နေလျှင်မူ လုံချည်စုတ်ရပ်မည့် ဘိန်းစားသူခိုးများကအစ အလွယ်တကူ ဝင်ရောက်လာကြလိမ့်မည်။ ထို့ကြောင့် ခြံစည်းရိုး ခိုင်မာ တောင့်တင်းနေစေရန် အိမ်သားအားလုံးက အစဉ်တစိုက် ထိန်းသိမ်းပြုပြင် တည်ဆောက်နေရန်လိုသည်။ ခြံစည်းရိုးက ခိုင်မာတောင့်တင်းသော်ငြားလည်း အိမ်သားအချင်းချင်းက မသင့်မြတ်ကြ၍ ရန်သူကို မလွယ်ပေါက် ဖွင့်ပေးလျှင်လည်း အကျိုးနည်းချိမ့်မည်။

နိုင်ငံတကာမှ သာဓကများကိုကြည့်လျှင် တပ်မတော်နှင့်ပြည်သူတို့ သွေးစည်းညီညွတ်သောအခါ အဆမတန် အင်အားကြီးမားသော ရန်သူများကိုပင် တွန်းလှန်အောင်နိုင်ခဲ့ကြသည်။ ဥပမာ ဗီယက်နမ်ပြည်သူများသည် ဗီယက်ကောင်းတပ်ဖွဲ့များနှင့် လက်တွဲ၍ မဟာအင်အားကြီးနိုင်ငံမှ ကျူးကျော်သူ တပ်ဖွဲ့များကိုပင် အနိုင်တိုက်ကာ တွန်းလှန်မောင်းထုတ်နိုင်ခဲ့ကြသည်။

သို့သော် **တပ်မတော်အင်အားမရှိလျှင် နိုင်ငံကျွန်သပေါက်ဘဝ ကျရောက်ရသလို၊ နိုင်ငံ၌ အမျိုးသား စည်းလုံးညီညွတ်မှုပြိုကွဲလျှင်လည်း ပြည်ပမှ အလွယ်တကူ ကျူးကျော်သိမ်းပိုက်ကာ တပ်မတော်လည်း ဖရိုဖရဲ ပျက်စီးရတတ်သည်။ မျက်မှောက်ခေတ် အီရတ်နှင့် အာဖဂန်နစ္စတန်တို့ကိုကြည့်လျှင် ဤဖြစ်ရပ်မျိုးကို အထင်းသားတွေ့နိုင်သည်။ ထိုနိုင်ငံများ၌ ယခုအခါ အင်အားတောင့်တင်းသော အမျိုးသားတပ်မတော်ဟူ၍ မရှိပြီ။ ကျူးကျော်သူတို့၏ လက်ပါးစေ၊ လက်ဝေခံ တပ်ဖွဲ့သာသာမျှသာ ရှိတော့သည်။** ခေတ်မီ၍ စွမ်းရည်ထက်မြက်သော တိုက်လေယာဉ်၊ စစ်သင်္ဘော၊ အမြောက်ကြီး၊ တင့်ကား၊ ဒုံးပျံတပ်ဖွဲ့ဟူ၍မရှိ။ လေတပ်မရှိ၊ ရေတပ်မရှိ၊ ကြည်းတပ်သည်ပင် လက်နက်ကြီးကြီးမားမားမရှိ။ စစ်နိုင်သူတို့က ၎င်းတို့ကို မယုံကြည်။ အိမ်ကြက်ချင်း အိုးမဲသုတ်၍ ခွပ်ခိုင်းနိုင်ရုံမျှ လက်နက်ငယ်များကိုသာ တပ်ဆင်ပေးထားသည်။ ခက်ခဲကြမ်းတမ်း၍ အန္တရာယ်များသော နယ်မြေများတွင် သေစရာရှိလျှင် အရင်သေရန် ၎င်းလက်ပါးစေ တပ်ဖွဲ့များကို ရှေ့ကလွှတ်သည်။ ထိုတပ်ဖွဲ့များကလည်း ကြေးစားတပ်ဖွဲ့များပီပီ တိုက်ရည် ခိုက်ရည်မရှိ။ တိုက်ပွဲများတွင် သုံး၍မရဟုဆိုကြသည်။ ထိုတပ်ဖွဲ့များဖြင့် နိုင်ငံကို မည်သို့မည်ပုံ ထိရောက်စွာ ကာကွယ်နိုင်ပါမည်နည်း။ အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်သူပုန်စခန်းများကို တူရကီတပ်ဖွဲ့များက အီရတ်နယ်စပ်အား ဖြတ်ကျော်ဝင်ရောက်၍ အလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့သည်ကိုပင် ဘာမျှမတတ်နိုင် လက်ပိုက်၍ ထိုင်ကြည့်နေခဲ့ရသည်။ အလားတူပင် အာဖဂန်နစ္စတန်၌လည်း မြို့ကြီးအချို့နှင့် တောင်ပိုင်းလွင်ပြင်ဒေသ အနည်းငယ်မှလွဲ၍ အစိုးရအာဏာစက် မသက်ရောက်နိုင်သေးဘဲရှိသည်။

ဤသည်မှာ စည်းလုံးညီညွတ်မှုပြိုကွဲသော နိုင်ငံများတွင် တပ်မတော်လည်း ဖရိုဖရဲဖြစ်ကာ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကိုလည်း ထိရောက်စွာ မကာကွယ်နိုင်တော့ပုံကိုပြသော သာဓကများပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ မြန်မာ့တပ်မတော်သည် အမျိုးသားလွတ်မြောက်ရေး သမိုင်းစဉ်အတွင်း ပြည်သူကြားမှ ပေါက်ဖွားလာသော ပြည်သူလူထု၏ ရင်နှစ်သည်းချာဖြစ်သည်။ တပ်မတော်နေ့ဟု သတ်မှတ်ထားသည့် မတ်လ ၂၇ ရက်နေ့သည်ပင် တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး လက်တွဲ၍ ဖက်ဆစ်အန္တရာယ်ကို တော်လှန်ခဲ့ကြသည့် နေ့ထူးနေ့မြတ်ကို ထင်ဟပ်ထားခြင်းဖြစ်သည်။ တပ်မတော်သည် ပြည်သူပင်ဖြစ်သလို ပြည်သူသည်လည်း တပ်မတော်ဖြစ်သည်။ တပ်မတော်နှင့်ပြည်သူသည် 'ရေကိုသား၍ အကြားမထင်' သကဲ့သို့ တကွဲတပြားခွဲခြား၍မရသော၊ တစ်သားတည်းသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ နိုင်ငံ၌ ဘေးအန္တရာယ်များ ကျရောက် ခဲ့သည့်အခါတိုင်း တပ်မတော်က ပြည်သူတို့ကို အသက်ပေး၍ စွန့်လွှတ် စွန့်စား ကာကွယ်စောင့်ရှောက်ခဲ့သလို မိဘပြည်သူများကလည်း တပ်မတော်သားများအတွက် အဘက်ဘက်မှ အားပေးထောက်ပံ့ကူညီခဲ့ကြသည်။

ဖက်ဆစ်တော်လှန်ရေးကာလ၊ လွတ်လပ်ရေးရစ လှိုင်းကြီးလေထန်ကာလများ၊ တရုတ်ဖြူ ပြည်ပ ကျူးကျော်မှုကာလနှင့် ပြည်တွင်းသောင်းကျန်းမှု အပြင်းထန် အဆိုးရွားဆုံးကာလများ၌ တပ်မတော်နှင့် ပြည်သူတို့ တစ်သားတည်း တစ်စိတ်တစ်ဝမ်းတည်းရှိခဲ့ကြသည်။ ပြည်သူတို့၏ တစ်ခဲနက် အားပေးထောက်ခံမှုများဖြင့် ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်များကို ချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုများကို ပြန်လည်တည်ဆောက်ကာ ငြိမ်းချမ်းရေးအောင်ပန်းကို လှမ်းကိုင်နိုင်ခဲ့သည်။ တပ်မတော်ကိုလည်း ခေတ်မီအင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော တပ်မတော်အဖြစ် တည်ဆောက်နိုင်ခဲ့သည်။ နိုင်ငံအေးချမ်းလာသည်နှင့်အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်သားတို့ ပါဝင်လုပ်အားပေးနိုင်ခဲ့ကြသည်။ ပြည်သူကို အလုပ်အကျွေးပြုနိုင်ခဲ့ကြသည်။ ပြည်သူနှင့်တပ်မတော်အကြား ထာဝစဉ် ခိုင်မာစွာလက်တွဲနိုင်မည့် အာမခံချက်များပါရှိသော အခြေခံဥပဒေသစ်မူကြမ်းကိုလည်း ရေးဆွဲနိုင်ခဲ့ကြပြီး မကြာမီအတည်ပြုကြပေတော့မည်။

ဤသို့ ပြည်သူနှင့် တပ်မတော်တို့အကြား အပေးအယူ ညီမျှစွာ အေးအတူပူအမျှ လက်တွဲစည်းလုံး ညီညွတ်နေသမျှ ကာလပတ်လုံး မည်သည့်ဘေးအန္တရာယ်ကိုမျှ စိုးရိမ်ရန်မလိုဘဲ အောင်မြင်စွာ တွန်းလှန်နိုင်မည်သာ ဖြစ်ပေသည်။ ။

တပ်မတော်နှင့်ပြည်သူသည် 'ရေကိုသား၍ အကြားမထင်' သကဲ့သို့ တကွဲတပြားခွဲခြား၍မရသော၊ တစ်သားတည်းသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ နိုင်ငံ၌ ဘေးအန္တရာယ်များ ကျရောက်ခဲ့သည့်အခါတိုင်း တပ်မတော်က ပြည်သူတို့ကို အသက်ပေး၍ စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်ခဲ့သလို မိဘပြည်သူများကလည်း တပ်မတော်သားများအတွက် အဘက်ဘက်မှ အားပေးထောက်ပံ့ကူညီခဲ့ကြသည်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ပြည်တွင်းရှိ သတင်းဌာနများနှင့် ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များနှင့် အယ်ဒီတာအဖွဲ့ဝင်များ တက်ရောက်သတင်းရယူ

နေပြည်တော် မတ် ၂၈

ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့် ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းများမှ အယ်ဒီတာအဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ သတင်းရယူကြသည်။

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ သတင်းရယူကြသော ပြည်တွင်းရှိ သတင်းစာဆရာများမှာ မြန်မာနိုင်ငံ-နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက် ၁၆ ဦးနှင့် ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းတို့မှ အယ်ဒီတာချုပ်များ၊ အယ်ဒီတာအဖွဲ့ဝင်များနှင့် သတင်းထောက်များ ၂၆ ဦး စုစုပေါင်း ၄၂ ဦးတို့ ဖြစ်ကြသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ပါရမီသွေးလှူရှင်များအသင်း သွေးလှူဒါန်း

ရန်ကုန် မတ် ၂၈

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ပါရမီသွေးလှူရှင်များအသင်း အသင်းဝင်များဖြစ်ကြသော သစ်တောရေးရာဝန်ကြီးဌာန ရုံးချုပ်ဝန်ထမ်းများနှင့် ဒေသခံ သွေးလှူရှင်အသင်းသား ၃၀ က မတ် ၂၂ ရက်တွင် နေပြည်တော် ခုတင်(၃၀၀) ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့် ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းများမှ အယ်ဒီတာအဖွဲ့ဝင်များ နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်၍ သတင်းရယူကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၈ (စနေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"သေမင်းမမြင်ရာ"တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈:၀၅-၂:၀၅	စုပေါင်းနွဲ့ပျော်နှစ်ကျိပ်ရှစ်ဆူပွဲတော်
၈:၂၀-၂:၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၅-၂:၄၅	တိပိဋကဓမ္မရက္ခိတအဖွဲ့ကြီး၏ တိပိဋကစာပြန်၊စာဖြေ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း
၈:၅၅-၂:၅၅	တေးဂီတအစီအစဉ်
၉:၀၀-၃:၀၀	သာသနာပျိုးခင်း
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀-၃:၃၀	နယဉ်ဆန်းထွင်သစ်သီးအလှဆင် (သဘော်သီးနှင့် နှင်းဆီပန်းပုံဖော်နည်း)
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	သူတော်ကောင်းကြီးများ၏ ဝိပဿနာကျင့်စဉ်တရားတော် ဒေါက်တာချစ်ငယ်(ဒဿန)Ph.D
၁၀:၁၀-၄:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅-၄:၁၅	လောကကိုအလှဆင်ခြင်း
၁၀:၄၀-၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀-၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅	Summer Time
၁၁:၁၅-၅:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	**အသက်ကလေးရယ်တဲ့ရှည်စေလို (ဦးအောင်လွင်၊ဦးကြည်စိုး၊ငှက်ပျောကြော်၊ထင်ပေါ်၊ မေထွဋ်ခေါင်၊မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး)**
၁၁:၃၅-၅:၃၅	တစ်ပတ်အတွင်းအားကစားသတင်း
၁၁:၅၀-၅:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅-၅:၅၅	အပန်းဖြေကြည်နူးစရာ ပန်းမြို့တော်မှာ
၁၂:၀၅-၆:၀၅	တေးဂီတအစီအစဉ်
၁၂:၁၀-၆:၁၀	ကြည်နူးကုသိုလ်ပြုစေချင်သည် ရွှေမန်းတောင်၏ဆုတောင်းပြည့်ရင်ပြင်ဆီ
၁၂:၃၀-၆:၃၀	လွင်မိုးခရီးသွားနေသည် (အပိုင်း-၉)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Bolton-Arsenal	ESPN(Live)
	Birmingham-Man City	Star Sports(Live)
၁၁:၄၀	Man Utd-Aston Villa	Star Sports(Live)
၁၂:၀၀	Sunderland-Wesham	ESPN(SDD)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Lazio-Inter Milan	5-Cartoon(Live)

မတ်လ၏ ညတစ်ည

☆ နွေဦးကာလ၊ ဂိမှာန်ညတည့်
လေအဝှေ့တွင်၊ မြေငွေ့ကိုနမ်း
ရွက်ဝါကြမ်းတို့၊ နွေလမ်းကိုလျှောက်
ခေါင်းငေါက်တောက်နှင့်
ထွက်ပေါက်ကိုရှာ၊ လွတ်လပ်စွာရှိ
မြင်ရဘိသော်၊ ည၏မဲနက်
ကတုတ်ထက်မှ၊ အိပ်စက်ခိုနား
စိတ်လှုပ်ရှားသော၊ ပြောက်ကျားရဲဘော်
ကြွေးကြော်နိုးထ၊ ခေါင်းထောင်ကြွ၍
အနောက်ယွန်းယွန်း၊ ချိုင့်အဝှမ်းတွင်
သွေးစွန်းလက်နက်၊နှုတ်လျက်ခံပြင်း
တောက်ခေါက်ခြင်းဖြင့်
လှည့်ကင်းရပ်လို့၊ သတင်းပို့တည့်။

☆ ရိုးပြတ်ကိုဖြတ်
ချောင်းကိုပတ်၍၊လယ်စပ်တောတန်း
ရွာသို့လှမ်းသည့်၊ ဟော့ရမ်းလူမျိုး
ဖက်ဆစ်ဆိုးအား၊ အမျိုးသားရေး
အားသစ်မွေး၍၊ ဓားသွေးခုခံ
ဒို့တော်လှန်ခဲ့၊ မျိုးမာန်မလွဲ
တိုက်ပွဲထပ်ထပ်၊ ဒို့ကျော်ဖြတ်၍
မြင့်မြတ်နှလုံး၊ ဒို့စုရုံးခဲ့။

☆ မတ်လရက်မွန်၊ နှစ်ဆယ့်ခွန်ဝယ်
ဆုံးစွန်မြင့်မား၊ ဒို့စွမ်းအားဖြင့်
မြင့်မားတွေးခေါ်၊ ခေါင်းကိုမော်၍
အကျော်အမော်၊ တပ်မတော်သည်
ဖော်ဆောင်ဖွင့်လှစ်၊သမိုင်းတစ်ခေတ်သစ်ခဲ့တကား။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်-

မောင်ရည်တင့်(မအူပင်)

မဟာသကြၤန် (၁၀)ရက် တရားစခန်းကျင်းပမည်

ရန်ကုန် မတ် ၂၈

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် (၆/၁၀)ရပ်ကွက်ရှိ ညောင်ကန်အေး ရွှေပြည်သာ သာသနာ့ရိပ်သာ၌ (၂၃) ကြိမ်မြောက် မဟာသကြၤန် (၁၀)ရက် တရားစခန်းပွဲကို ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဧပြီ ၈ ရက် ညနေ ၆ နာရီတွင် ညောင်ကန်အေးရိပ်သာ ပဓာန နာယကဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ကုဏ္ဍလ (?) ဖွင့်လှစ်ပေးမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဧပြီ ၁ ရက် ညနေ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး အရုဏ်ဆွမ်း တစ်နပ်လျှင် ငွေကျပ် ၆၀၀၀၀၊ နေ့ဆွမ်းတစ်နပ်လျှင် ငွေကျပ် ၁၀၀၀၀၀၊ အချိုပွဲတစ်ကြိမ်လျှင် ငွေကျပ် ၃၀၀၀၀၊ တစ်နေ့တာ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့်အအေး ငွေကျပ် ၁၅၀၀၀၀၊ အအေးတစ်ကြိမ်လျှင် ငွေကျပ် ၁၀၀၀၀ နှင့် ဆွမ်းစရိတ်တစ်ပါးအား တစ်နပ်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် လှူဒါန်းလိုသူများသည် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ(ရွှေဘို) ဖုန်း-၆၁၀၃၆၃၊ ဝေယျာဝစ္စအဖွဲ့မှ ဦးတင်ငွေ ဖုန်း-၆၁၀၉၄၇ နှင့် ဦးတင်ဝင်း ဖုန်း-၆၁၁၁၄၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	မြေလမ်းမိုင်	-	၃၄၉၂/၂	၃၄၉၂/၂
၂	ကျောက်လမ်းမိုင်	-	၁၀၄၇/၄	၁၀၄၇/၄
၃	ကတ္တရာလမ်းမိုင်	-	၁၃၁/၃	၁၃၁/၃
၄	တံတားကြီး-ငယ်၊ ကြိုးတံတား	-	၇၈	၇၈
၅	တံတားငယ်	-	၁၀၁၇	၁၀၁၇
၆	ကြိုးတံတား	-	၄၆	၄၆
၇	ဆေးရုံ	-	၈၀	၈၀
၈	ဆေးပေးခန်း	-	၁၀၂	၁၀၂
၉	ကျေးလက်ကျန်းမာရေးဌာန	-	၃၈	၃၈
၁၀	ကျေးလက်ကျန်းမာရေးဌာနခွဲ	-	၈၇	၈၇
၁၁	မူ/လယ်/ထက်ကျောင်း	-	၈၅၅/၉၀/၉၂	၈၅၅/၉၀/၉၂
၁၂	စိုက်ပျိုးရေးရုံး	-	၃၁	၃၁
၁၃	စိုက်ပျိုးရေးစခန်း	-	၁၁၈	၁၁၈
၁၄	ဆည်	-	၅၁	၅၁
၁၅	တူးမြောင်း	-	၅	၅
၁၆	ထွန်စက်စခန်း	-	၁၁	၁၁
၁၇	ကြိုးဝိုင်း	-	၁၁	၁၁
၁၈	ပျိုးဥယျာဉ်	-	၁၄	၁၄
၁၉	မွေးမြူရေးခြံ	-	၁၉	၁၉
၂၀	တိမွေးကုရုံး	-	၄၀	၄၀
၂၁	လျှပ်စစ်မီးစက်	-	၂၆၅	၂၆၅
၂၂	ရုပ်သံလွှင့်ထပ်ဆင့်စက်ရုံ	၅	၁၁၁	၁၀၆
၂၃	စာတိုက်	-	၅၂	၅၂
၂၄	တယ်လီဖုန်းလုပ်ငန်း	-	၈၇	၈၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ လူငယ်သင်တန်းကျောင်း။

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် တည်ဆောက်ပေးထားသော သံလွင်တံတား (ဘားအံ)ကို တွေ့ရစဉ်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးမှုဒီဂရီကောလိပ်(ရန်ကုန်)။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် တည်ဆောက် ပေးထားသော လယ်မြေဧက ၁၀၀၀၀ ကို အကျိုးပြုလျက် ရှိသည့် ပြိုင်းချောင်း ရေလှောင်တမံကိုတွေ့ရစဉ်။

ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် တည်ဆောက်ထားသည့် မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်း။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၈

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့မွန်းလွဲ ၁နာရီတွင် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပသော (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး အရာရှိ၊အရာခံ၊အကြပ်၊ စစ်သည် အဆင့်လိုက် ပထမရရှိကြသူ များအား ဂုဏ်ထူးဆောင်လက်မှတ် နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ် ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ပေးအပ်

နေပြည်တော်တိုင်း စစ်ဌာနချုပ်၏ (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ် ပြိုင်ပွဲတွင် တပ်နယ်လေးခုမှ အရာရှိ ၁၂ဦး၊ စစ်သည် ၃၆ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိ သုံးဦး၊ စစ်သည် ကိုးဦးစုစုပေါင်း အရာရှိ/စစ်သည် ၆၀ ယှဉ်ပြိုင်ခဲ့ပြီး အဆင့်တစ်ခုချင်းစီအလိုက် အရာရှိ တစ်ဦး၊ စစ်သည်သုံးဦး စုစုပေါင်း လေးဦးစီတို့အား ဆုပေးအပ်ချီးမြှင့် ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း ရန်ပုံငွေဖျော်ဖြေပွဲ

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူ များအသင်းက ရန်ပုံငွေ ဖျော်ဖြေပွဲ အဖြစ် ဒုတိယမြောက် ဟန်နီးမွန်း ဗွီဒီယိုဇာတ်ကားကို မတ် ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မြေနီကုန်း ရွှေမန်းရုပ်ရှင်ရုံ၌ မင်းသမီး နန္ဒာလှိုင်က လှူဒါန်း၍ ရွှေမန်းရုပ်ရှင်ရုံ မှ လှူဒါန်းပြသပေးမည် ဖြစ်သည်။ ရန်ပုံငွေဖျော်ဖြေပွဲ လက်မှတ်များကို ဦးမြတ်သူဝင်း (ဒု-ဥက္ကဋ္ဌ) ဖုန်း- ၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၂၁၅၉၃၉ (ရွှေမင်းသားကုမ္ပဏီ)၊ ဦးစိန်ထွေး (ဘဏ္ဍာရေးမှူး) ဖုန်း-၅၂၅၁၁၉ စာရေးဆရာ၊ ဦးအေးကိုကို (အတွင်းရေးမှူး) ဖုန်း-၂၂၇၇၃၄၊ ၀၉၅၀၂၉၁၈၅ (သပြေစန်း တည်းခိုခန်း)၊ ဦးမြတ်ဦး (ဗဟိုအမှုဆောင်) ဖုန်း-၅၂၅၈၂၃(ဘေဘီဗိုက်တာ)နှင့် ဒေါ်သူဇာကျော် (ဗဟိုအမှုဆောင်) ဖုန်း-၀၉၅၁၂၂၅၂၉တို့သို့ ဆက်သွယ်၍ ဝယ်ယူနိုင်သည်။ ကံစမ်းမဲ အစီအစဉ်ပါ၍ ဆက်သွယ်လှူဒါန်း လိုပါက အထက်ပါ ဗဟိုအမှုဆောင် များထံသို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရှိရသည်။ (က-ပ)

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အားပြိုင်နေတဲ့ လီဗာပူးနဲ့ အဲဗာတန်ထိပ်တိုက်တွေ့ (ပရီမီယာလိဂ်ပွဲစဉ်-၃၂)

ဒီတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ်-၃၂ ဘောလုံးပွဲစဉ်များကို မတ် ၂၉ရက်(ယနေ့)နဲ့ မတ် ၃၀ရက်တို့မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ယခုတစ်ပတ် ပွဲစဉ်တွေမှာ ပထမနေရာအတွက် ပြောင်းလဲမှုရှိမှာမဟုတ်ဘဲ ဒုတိယနေရာအတွက် ချယ်လ်ဆီးနဲ့ အာဆင်နယ်အပြိုင်ကြဲရဦးမှာပါ။ အလားတူချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာဖြစ်တဲ့ စတုတ္ထနေရာအတွက်ကိုတော့ လီဗာပူးနဲ့ အဲဗာတန်တို့ ထိပ်တိုက်တွေ့ဆုံယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာလည်း အသင်းကြီးတွေရဲ့ ပြိုင်ဆိုင်မှုက ရှိနေဦးမှာပါ။

ပထမနေရာ-

ဒုတိယနေရာက ချယ်လ်ဆီးကို ငါးမှတ်ဖြတ်ထားပြီး ရမှတ် ၇၃ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးက မန်ယူဟာ ပြီးခဲ့တဲ့ပွဲစဉ် (၃၁)မှာ လီဗာပူးကို အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ အနိုင်ယူခဲ့ပါတယ်။ ဒီနေ့ပွဲကလည်း အဆင့်(၇)က ဗီလာကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်တာကြောင့် အိမ်ရှင် မန်ယူဟာ ချန်ပီယံလိဂ်ပွဲကျပ်ကစားရန်ရှိပေမယ့် ချန်ပီယံ ဖြစ်ရေးလမ်းကြောင်းပေါ်က သွေဖည်မသွားရအောင် အိမ်ကွင်းမှာ ဗီလာကို အနိုင်ကစားဦးမှာပါ။

ဒုတိယနဲ့ တတိယနေရာ-

ပထမနေရာက မန်ယူနဲ့ ငါးမှတ်ကွာပြီး တတိယနေရာ က အာဆင်နယ်ကို တစ်မှတ်သာဖြတ်ထားနိုင်တဲ့ ချယ်လ်ဆီးဟာ အဆင့်(၁၂)က ဘိုရီကို အိမ်ကွင်းမှာ ဧည့်ခံ ကစားရမှာဖြစ်တာကြောင့် အမှတ်ပြည့်ရဖို့ ခက်ခဲမှာ မဟုတ်ပါဘူး။ မန်ယူ၊ အာဆင်နယ်နဲ့ လီဗာပူးတို့ ချန်ပီယံ လိဂ်ပွဲကျပ်ကစားရန်ရှိနေလို့ လူချိုကစားရမယ့်အချိန်မှာ ချန်ပီယံလိဂ်ပွဲချောင်တဲ့ ချယ်လ်ဆီးနည်းပြဂရန့်ကတော့ ဒီပွဲကို အနိုင်သေချာအောင်လူစုံထုတ်ကစားမှာပါ။ တတိယ နေရာက အာဆင်နယ်ကတော့ တစ်ပတ်အတွင်းမှာ လီဗာပူးနဲ့ သုံးကြိမ်တိတိ နွှဲစရာရှိပြီး ပွဲစဉ်(၃၄)မှာလည်း မန်ယူနဲ့ ကစားရဦးမှာပါ။ အသင်းကြီးတွေထဲမှာ ပွဲအကျပ် ဆုံးဖြစ်တဲ့ အာဆင်နယ်ဟာ အဆင့်(၁)ကနေ အဆင့်(၃)ကို ဆင်းပေးခဲ့ရပြီးခက်ခဲကြမ်းတမ်းလှတဲ့ သူတို့ရဲ့ရှေ့ခရီး ကြမ်းကို အာဆင်နယ်အသင်းသားများ စိတ်ပျက်နေကြ မှာပါ။ ဒါကြောင့် ဒီပွဲဟာ တန်းဆင်းဇုန်ထဲရောက်နေတဲ့ ဘော်လ်တန်နဲ့ဆိုပေမယ့် မန်နေဂျာအာဆင်ဝင်းဂါးအတွက် ခက်ခဲဦးမှာပါ။

စတုတ္ထနေရာအတွက် လီဗာပူးနှင့် အဲဗာတန်

ချန်ပီယံလိဂ်ဝင်ခွင့်အပြိုင်ကြဲနေတဲ့ လီဗာပူးနဲ့အဲဗာတန် တို့ရဲ့ပွဲဟာ ဒီတစ်ပတ်အတွက် အကောင်းဆုံးပွဲ တစ်ပွဲ ဖြစ်လာမှာပါ။ ဘင်နီတက်ဇ်ဟာ ပရီမီယာလိဂ်ထက် ချန်ပီယံလိဂ်ကို ပိုမိုအလေးထားတယ်ဆိုပေမယ့် အဆင့်(၄) ကတော့ ဆင်းပေးမယ်မထင်ပါဘူး။ ဒါကြောင့် ဘင်နီ တက်ဇ် ဒီပွဲကို ဘယ်လိုလူထုတ်ကစားမယ်ဆိုတာ စောင့် ကြည့်ရမှာပါ။

တန်းဆင်းဇုန်

ဒီတစ်ပတ်ရဲ့ပွဲစဉ်(၃၂)အပြီးမှာ တန်းဆင်းဇုန်က ဘော်လ် တန်၊ ဖူလ်ဟမ်နဲ့ ဒါဘီတို့ဟာ နေမြဲအတိုင်း ဆက်လက် ရှိနေမှာပါ။

ပရီမီယာလိဂ် ပွဲစဉ်(၃၂)ကစားမယ့်ပွဲစဉ်များမှာ မတ် ၂၉ရက်(ယနေ့)တွင် ဘာမင်ဂမ်နဲ့ မန်စီးတီး၊ ဘော်လ်တန်နဲ့ အာဆင်နယ်၊ ဒါဘီနဲ့ဖူလ်ဟမ်၊ ပို့စ်မောက်နဲ့ ဝီဂန်၊ ရီးဒင်းနဲ့ ဘလက်ဘန်း၊ ဆန်းဒါးလန်းနဲ့ ဝက်စ်ဟမ်း၊ မန်ယူနဲ့ ဗီလာ တို့ကစားကြမှာဖြစ်ပြီး မတ် ၃၀ (တနင်္ဂနွေနေ့)တွင် ချယ်လ်ဆီးနဲ့ မစ်ဒယ်ဘရော့၊ စပါးနဲ့ နယူးကာဆယ်၊ လီဗာပူးနဲ့ အဲဗာတန် တို့ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

ဝင်းတင် (ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၂၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ ဦးမြင့်ဝင်းသည် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ မတ် ၂၂ရက် တွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၃)၊ Par-3၊ ၁၆၆ ကိုက်၌ Callaway Wood-5 တုတ်ဖြင့် Reygrande, No-4 ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်သော ဦးသန်းကျော် ဦး၊ ဦးလှမင်းတို့နှင့် အတူ ကစားလျက် ရှိသည်။ ဦးမြင့်ဝင်းသည် ၁၉၉၇ခုနှစ် တွင် တပ်မတော်ကွင်း (မင်္ဂလာဒုံ)၌ တစ်ကြိမ်၊ ၂၀၀၄ခုနှစ်တွင် ရန်ကုန် ဂေါက်ကလပ်ကွင်း၌တစ်ကြိမ် တစ်ချက်တည်း ကျင်းဝင်ခဲ့သည်။ ယခု အကြိမ် နေပြည်တော် မြို့တော် ဂေါက်ကွင်း၌ တတိယအကြိမ်မြောက် တစ်ချက်တည်း ကျင်းဝင်ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

▲ ရှေ့ဖုံးမှ

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တို့ ပူးပေါင်း၍ ယနေ့အထိ ဖြိုးစေတနာ အခမဲ့ဆေးခန်းပေါင်း ၁၈ ခန်း ဖွင့်လှစ်နိုင်ခဲ့ပြီး ဝေဒနာရှင် ပြည်သူပေါင်း ၂၃၀၀၀၀ ကျော်အား အခမဲ့ ကျန်းမာရေး စောင့်ရှောက် ကုသပေးပြီးဖြစ်သည်။

အလားတူ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ နာရေးကူညီမှုအသင်းက လည်း ပြည်သူများ၏ နာရေးကိစ္စ အဝဝကို နိဗ္ဗာန်ယာဉ် ၁၆ စီးဖြင့် အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

နေပြည်တော်မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ

နေပြည်တော် မတ် ၂၈

နေပြည်တော်မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်း၊ ရေပြာတပ်မတော် ဂေါက်ကွင်းနှင့် နေပြည်တော်ဂေါက်ကွင်းတို့တွင် တစ်ကွင်း တစ်ရက်စီဖြင့် သုံးရက် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်း ပြိုင်ပွဲများပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ် ကွင်းအလိုက် ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံး အသင်းအတွက် နေပြည်တော်မဟာသကြၤန် Tour Gold Cup ဖလားနှင့် အားကစားသမားတစ်ဦးချင်းကိုလည်း ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ၁၀သိန်းစီအပြင် ဒုတိယရရှိသည့်အသင်းအား တစ်ဦးချင်း ငွေသား ရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံး အားကစားသမားအား ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀သိန်း၊ ဒုတိယရရှိသည့် အားကစားသမားအား ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင် အသင်းတစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည် ဖြစ်ပြီး Pro အားကစားသမား နှစ်ဦးထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျော့ပေးသတ်မှတ်ချက် (Handicap Zero)ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရ စည်းမျဉ်း ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၁၀ရက် နောက်ဆုံးထား၍ နေပြည်တော် မြို့တော်ဝန်ရုံး ဖုန်း ၀၆၇-၄၁၄၆၁၀၊ ၄၁၄၂၈၉ တို့သို့ ပေးပို့သွားရမည်ဖြစ်သည်။ (သတင်းစဉ်)

သာသနိကအဆောက်အအုံများ ရေစက်ချမည်

ရန်ကုန် မတ် ၂၈

ညောင်လေးပင်မြို့နယ် မဒေါက်မြို့အနီး သောင်ကြီးကျေးရွာ၌ တည်ထားကိုးကွယ်သည့် ရေလယ်ကျွန်း ရွှေဘုန်းပွင့်ပြည်တော်အေး ဆုတောင်းပြည့် စေတီတော်မြတ်တွင် ရန်ကုန်တိုင်း သုဝဏ္ဏ အင်ကြင်းမြိုင်လမ်းနေ ဂေါပက ဥက္ကဋ္ဌ ဦးကျော်ဝ ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့နှင့် အနယ်နယ် အရပ်ရပ်မှ အလှူရှင်များစုပေါင်းလှူဒါန်းငွေကျပ် ၁၅၃ သိန်းဖြင့် ဘက်စုံ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးဖြစ်ပါ၍ (နှောင်းတန်ခူးလဆန်း ၄ရက်) ဧပြီ ၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်၍ လှူဒါန်းလိုသူများ၊ ဖုန်း-၅၇၀၉၆၅ နှင့် ၅၇၈၀၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရပ်ဝေးရပ်နီးမှ အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်၍ သာဓုအနုမောဒနာ ပြုနိုင်ကြသည်ဟု သိရသည်။ (၂၃)

လယ်တီခုနစ်ရက် ဝိပဿနာစခန်း

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော် အရှေ့ဘက်ရှိ သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်ကြီး၌ လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ ၁၁ရက် (သောကြာနေ့)မှ ဧပြီ ၁၇ရက် (ကြာသပတေးနေ့)အထိကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသူများသည် ဧပြီ ၁၀ရက်နောက်ဆုံးထား၍ အရောက်လာကြပါရန်နှင့် အဆိုပါတရားစခန်းပွဲတွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ညနေဖျော်ရည်ဆွမ်းများ သဒ္ဓါအလျောက် လှူဒါန်းလိုပါက လယ်တီကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၅၆၀၇၁၀ နှင့် ၅၆၄၇၄၃ တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကကြီးမှူး၍ လစဉ်ကျင်းပလျက်ရှိသော ဘာသာရပ်ဆိုင်ရာပညာရှင်များ ဟောပြောပွဲကို ဧပြီ ၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခ ဒေါက်တာ ဒေါ်ခင်စန်းရီက "ကုန်အမှတ်တံဆိပ်နှင့် ကုန်အမှတ်တံဆိပ်တည်ထောင်ခြင်း" (Brands and Branding) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (မင်းမော်ကွန်း၊လွင်မိုး၊ဇာနည်၊ ကင်းကောင်၊စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ဂွမ်းပုံ၊ရော)**
- ၇:၅၀ ၅။ အကပြိုင်ပွဲ
- ၈:၀၀ ၆။ တေးဂီတအစီအစဉ်
- ၈:၁၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ (တရားမမေ့သူ)
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁:၂၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း-၁၅)**
- ၂:၀၀ ၆။ နမ္မတီးတံတား(ကံလှ)
- ၂:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၂၀ ၈။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၂:၃၀ ၉။ International News.
- ၂:၄၅ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ် "ရှေးရေစက်"
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄:၄၀ ၄။ မြူမြူးကြွကြွယဉ်ကျေးမှုအက
- ၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၆။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၁၀ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၅:၂၀ ၈။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ အလှရှာမယ်၊ လှကမ္ဘာဝယ်
- ၆:၅၅ ၁၂။ **"ငွေကြေးကိစ္စမှန်သမျှဘဏ်ကိုသာအားကိုးကြ" (ခန့်စည်သူ၊ဖြိုးငွေစိုး၊ဝီယ၊ ပုလဲဝင်း၊ဖူးစုံ၊သဇင်)**
- ၇:၂၀ ၁၃။ တေးဂီတအစီအစဉ်
- ၇:၃၀ ၁၄။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ တေးဂီတအစီအစဉ်
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၁၁)**
- ၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

မတ် ၂၈ရက်က ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ညစာစားပွဲသို့တက်ရောက်လာသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Major General Abu Roshde Rokonuddawala**နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ပျော်ပွဲရွှင်ပွဲ ကံထူးရှင်ရွေးချယ်ပွဲ ကျင်းပ

နေပြည်တော် မတ် ၂၈

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ပွဲရွှင်ပွဲ၊ ကံထူးရှင်ရွေးချယ်ပွဲနှင့် စတုဒိသာ ကျွေးမွေးပွဲ အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အစီအစဉ်အရ ကံထူးရှင်ရွေးချယ်ပွဲ ဆုမဲများကို အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အထူးဖိတ်ကြားထားသူများနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ကွန်ပျူတာစက်ခလုတ်နှိပ်၍ ဆုမဲများကို ရွေးချယ်ပေးကြသည်။

ထို့နောက် ဝန်ကြီးများနှင့် ဧည့်ပရိသတ်များက အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်ရောင်းချလျက်ရှိသော ပစ္စည်းများ ရောင်းချမှု အခြေအနေကို လိုက်လံကြည့်ရှုကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မတ် ၂၇ ရက် နံနက် ၁၀နာရီခွဲတွင် (၆၃)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော မန္တလေးတိုင်းအတွင်းမှတိုင်း၊ ခရိုင်၊ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား ဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံ၍ အသင်းကြီးက ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူနှင့်တစ်သားတည်း ထိတွေ့နေထိုင်၍ အာရုံစူးစိုက်ဆောင်ရွက်ကြရန်၊ လူမှုရေးအသင်းအဖွဲ့များနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ အာဇီဝကျောင်းလမ်း ဓမ္မမာမက သာသနာ့ရိပ်သာ၌ သိန်းတစ်ထောင်ကျော် ကုန်ကျမည့် တည်ဆောက်ဆဲ ဆရာတော်စံကျောင်းအတွက် ငွေကျပ်သိန်းတစ်ရာ့လေးသိန်း ကိုးသောင်း ခုနစ်ထောင့်ငါးရာနှင့် တည်ဆောက်ဆဲဓမ္မမာမက စာကြည့်တိုက်အတွက် ငွေကျပ် ငါးသိန်း ငါးသောင်း နှစ်ထောင့်ငါးရာတို့ကို ကိုရီးယားသမ္မတနိုင်ငံ ကျန်းဘု၊ အိကဆန်မြို့နေ ပဲဂွန်ဆာကျောင်း ဆရာတော်ဦးဆန်းစည်က ပေးပို့လှူဒါန်းရာ ဓမ္မမာမက သာသနာ့ရိပ်သာ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကုန္တက ရှေ့မှောက်၌ အလှူရှင်၏ကိုယ်စား ကိုရီးယားယောဂီအန်ဖီရိုကပေးအပ်လှူဒါန်းရာ အကျိုးတော်ဆောင် ဦးသိန်းထွန်း လက်ခံယူစဉ်။ (က-ပ)

ကန်တော်ကလေး ၉၃ လမ်း ဓမ္မာရုံတရားပွဲ

ရန်ကုန် မတ် ၂၈

ရန်ကုန်မြို့ ကန်တော်ကလေး ၉၃ လမ်း ဓမ္မာရုံတရားပွဲများကို ဧပြီ ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဧပြီ ၁ ရက်တွင် ဒေါက်တာ အရှင်ကုန္ဒက (Ph.D) ပါမောက္ခ(သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန် အဘိဓမ္မာ မဟာသိပ္ပံ) ဆရာတော်၊ ဧပြီ ၂ ရက်တွင် ဒေါက်တာ ဝေဠုရိယဉာဏလင်္ကာရ (Ph.D) ပါမောက္ခ (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ လက်ထောက်မော်ကွန်းထိန်း) ဆရာတော်၊ ဧပြီ ၃ ရက်တွင် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt., Ph.D) သီတဂူဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားကြမည်ဖြစ်သည်။ (က-ပ)

မိုးကုတ်ဝိပဿနာနှစ်သစ်သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

သာကေတမြို့နယ် ရှုခင်းသာရပ်ကွက် အောင်ငြိမ်းချမ်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၃၆၅)တွင်ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၉၂)ကြိမ်မြောက် နှစ်သစ်သင်္ကြန် ခန္ဓာဉာဏ်ရောက် အလုပ်ပေး ၁၅ရက်တရားစခန်းပွဲကို ဧပြီ ၆ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက၊ ဓမ္မာစရိယ အောင်ငြိမ်းချမ်းဆရာတော် (ဘဒ္ဒန္တ အဂ္ဂသာရ) အရှင်မြတ်က ပဋိစ္စသမုပ္ပါဒ် တရားများကို ဟောကြားပြသမည်ဖြစ်၍ တရားအားထုတ်လိုသော ယောဂီများသည် ဖုန်း-၅၅၉၅၈၂ သို့ စာရင်းပေးသွင်းပြီး ဧပြီ ၅ရက် (စနေနေ့)ညနေ ဓမ္မရိပ်သာသို့ အရောက်လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၈

မင်္ဂလာဒုံမြို့နယ် မာန်ပြေရန်ပြေ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ (၁၃)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၂ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပဋ္ဌာန်းသိမ်းအောင်ပွဲ မင်္ဂလာအခမ်းအနားအပြီး မွန်းလွဲ ၁နာရီတွင် "ရာကျော်ဓမ္မာရုံကြီး" ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြင်ဦးလွင်ချမ်းမြေ့ရိပ်သာ အထူးတရားစခန်း

ရန်ကုန် မတ် ၂၈

ပြင်ဦးလွင် အနီးစခန်း(တိုးကြီးကုန်း)ချမ်းမြေ့ရိပ်သာ ၁၅ ရက် အထူးတရားစခန်းကို ဧပြီ ၆ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဧပြီ ၃ရက် နောက်ဆုံးထားပြီး ဖုန်း-၀၈၅-၅၀၁၃၀၊ ၅၀၃၂၈၊ ၂၁၆၃၇၊ ၅၀၃၂၈၊ ၀၂-၃၃၂၈၉၊ ၇၃၇၁၉၊ ၇၂၁၂၉၊ ၀၇၁-၂၁၆၅၈နှင့် ဆက်သွယ် စာရင်းပေးသွင်းနိုင်ပြီး တရားစခန်း ဝင်ရောက်ရမည့်ရက်မှာ ဧပြီ ၅ရက် ညနေ ၃နာရီဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

အလက(၃)စမ်းချောင်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၂၈

စမ်းချောင်းမြို့နယ် အမှတ်(၃) အလယ်တန်းကျောင်း၌ (၁၉၈၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ) တာဝန် ထမ်းဆောင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများအား ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) နံနက်၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ပြီး ဆရာကြီး၊ ဆရာမကြီးများအား အတူတကွ ပူဇော်ကြရန်နှင့် အလှူငွေများကို ဦးနိုင်အောင် ဖုန်း-၀၉ ၅၁၇၆၀၂၉၊ ဦးစောညီညီလင်း ဖုန်း-၀၁-၅၉၀၂၀၂၊ ဦးကျော်သူဟိန်း ဖုန်း-၀၉ ၅၀၆၁၇၈၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ယာဉ်/လမ်းစည်းကမ်း စစ်ဆေးပညာပေး

ရန်ကုန် မတ် ၂၈

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးသိန်းဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးစီးသောအဖွဲ့သည် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ဖြင့် ပူးပေါင်း၍ မတ် ၁၉ ရက်က သံသုမာလမ်း (ဥက္ကလာဂေါက်ကွင်းအနီး) ပေါ်တွင် သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်ကြံ့ခိုင်မှုရှိ-မရှိ သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျမောင်းနှင်ခြင်း ရှိ-မရှိ တို့အား ရှောင်တခင်စစ်ဆေး၍ ပညာပေးအရေးယူဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ရင်နင့်အောင်မွေး ဒုတိယပတ်ပြသ

ရန်ကုန် မတ် ၂၈

ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ ယခုသောကြာနေ့ မတ် ၂၈ ရက်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံမဝင်ဘဲ ပြီးခဲ့သည့်သောကြာနေ့ မတ် ၂၁ ရက်က ရုံတင်ပြသခဲ့သော **ရင်နင့်အောင်မွေး** မြန်မာရုပ်ရှင်ကားတစ်ကားတည်းသာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသသည်။

အဆိုပါဇာတ်ကားမှာ ဂျာနယ်ကျော်မမလေး၏ ကျော်ကြားခဲ့သည့် ဝတ္ထုကို မောင်ဝဏ္ဏနှင့် မောင်မြင့်ဆောင်တို့ ဇာတ်ညွှန်း ရေးသားပြီး ဒါရိုက်တာ မောင်ဝဏ္ဏ တာဝန်ယူ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ဝတ္ထုတွင် ဇာတ်လမ်းဇာတ်အိမ်ခိုင်မာပြီး ပရိသတ် အထူးနှစ်သက်ခဲ့သည့်နည်းတူ ရုပ်ရှင်အဖြစ်ဖန်တီးခဲ့ရာတွင်လည်း ဇာတ်ညွှန်း၊ ဒါရိုက်တာနှင့် သရုပ်ဆောင်များ၏ ဘက်စုံ၊ ကဏ္ဍစုံမှ ပီပြင်စွာ ရေးသား၊ ဖန်တီး၊ သရုပ်ဆောင်နိုင်မှုများကြောင့် ရုပ်ရှင်ချစ်ပရိသတ်၏ အားပေးမှု ရရှိခဲ့သည်။ အထူးသဖြင့် ဘဝသရုပ်ဖော် ဇာတ်ကား နှစ်သက်သူ ပရိသတ်များ အထူးနှစ်သက်ကြမည့် မြန်မာဇာတ်ကားကောင်း တစ်ကားလည်းဖြစ်သည်။ လွင်မိုး၊ နေအောင်၊ ထွန်းထွန်း ဝင်း၊ မေတ္တာ၊ မိုးဒီ၊ ခိုင်တင်၊ ခင်သန်းနု၊ နွဲ့နွဲ့မူ၊ သရုပ်ဆောင်သစ် သုခစိုး၊ မျိုးသန္တာထွန်း၊ နဝရတ်၊ နွဲ့နွဲ့စန်း၊ ထူးမွန်၊ ခင်မို့မို့အေး၊ နဒီမင်းသန့်၊ ဒေါ်ခင်ခင်ကြီး အပါအဝင် သရုပ်ဆောင်များ အင်ပြည့်အားပြည့် ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် နာမည်ကျော် အကယ်ဒမီဆုရ မင်းသားနီကိုလတ်ကေ့ဂျ် ပါဝင်သရုပ်ဆောင်ထားသည့် National Treasure Book of Secret လျှို့ဝှက် စုံထောက်ဇာတ်ကား ပြသပြီး နေပြည်တော်ရုံတွင် အဆင့်မြင့် စိတ်စွမ်းအင် တန်ခိုးရရှိထားသည့် လူငယ်တစ်ဦးမှာ ၎င်း၏ စိတ်တန်ခိုး စွမ်းရည်ကြောင့် ၎င်းကိုချေမှုန်းအန္တရာယ်ပြုလိုသူတို့နှင့် ရင်ဆိုင်ရပုံကို ဇာတ်လမ်းဆင်ထားသည့် လူငယ်ကြိုက် JUMPER လျှို့ဝှက်ဆန်းကြယ်ဇာတ်ကား ပြသသည်။

အိန္ဒိယရုပ်ရှင်

ဘုရင့်ရုံတွင် AJAY DEVGAN နှင့် SUNIL SHETTY တို့ ခေါင်းဆောင်ပါဝင်သည့် CASH အိန္ဒိယဇာတ်ကားနှင့် ဆုထူးပန်ရုံတွင် ရိုဟစ်ရိုရှန်း၊ ကရီးနားကပူးတို့ ပါဝင်သည့် YAADEIN အိန္ဒိယဇာတ်ကားများ ပြသသည်။

(ကြေးမုံ)

ရင်နင့်အောင်မွေး

ရင်နင့်အောင်မွေး မြန်မာဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်းကို တွေ့ရစဉ်။

ဧရာဝတီလင်းပိုင်များ ရေရှည်တည်တံ့ရေး

ရှားပါးသောရေနေ နို့တိုက်သတ္တဝါတစ်မျိုးဖြစ်သည့် ဧရာဝတီလင်းပိုင်များ ရေရှည်တည်တံ့စေရန်ရည်ရွယ်ကာ ၂၀၀၅ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ဧရာဝတီမြစ်ရိုးတစ်လျှောက် ကျောက်မြောင်းနှင့် မင်းကွန်းကြားတွင် ထိန်းသိမ်းရေးဇရိယာအဖြစ် သတ်မှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

"ဧရာဝတီမြစ်ထဲမှာ နေထိုင်ကျက်စားတာကို ပထမဆုံးတွေ့လိုက်ရတဲ့ အချိန်မှာ ဧရာဝတီလင်းပိုင်လို့ အမည်တပ်လိုက်ကြတယ်။ နောက်ပိုင်းမှာ မဲခေါင်မြစ်ထဲမှာလည်း ဧရာဝတီလင်းပိုင်ရှိတယ်။ ပြီးတော့ လာအို၊ ထိုင်းနဲ့ ဂင်္ဂါမြစ်ထဲ မှာလည်း ဧရာဝတီလင်းပိုင်ကို တွေ့လာရတယ်။ ဒါပေမယ့် ဘယ်နေရာမှာပဲရှိရှိ သူ့ကို ဧရာဝတီလင်းပိုင်လို့ပဲ ခေါ်ကြတယ်။ အရင်တုန်းကတော့ Irrawaddy နဲ့ စာလုံးပေါင်းပြီး အိုင်ရာဝတီလင်းပိုင်ဆိုပြီး နာမည်ကြီးခဲ့တယ်။ အခြားနိုင်ငံတွေကလည်း ဧရာဝတီလင်းပိုင် (Ayeyawady dolphin) လို့ပဲ ခေါ်ကြတယ်"ဟု ဧရာဝတီလင်းပိုင်နှင့် ပတ်သက်၍ ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းသိန်းဦးက ပြောပြသည်။

ရှားပါးသော ရေနေ နို့တိုက်သတ္တဝါ တစ်မျိုးဖြစ်သည့် ဧရာဝတီလင်းပိုင်။

ယခုအခါ ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇရိယာသို့ ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားလျက်ရှိပြီး တစ်နှစ်ထက်တစ်နှစ်လည်း ပိုမို၍ လာရောက်လေ့လာလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတွင်သာ တွေ့ရှိရသည့် ဧရာဝတီလင်းပိုင်နှင့် ရေလုပ်သားများ အတူပူးပေါင်း ငါးဖမ်းဆီးခြင်းဓလေ့များ၊ ဧရာဝတီလင်းပိုင် သုတေသနပြု လေ့လာရေးများကို ပြည်ပရုပ်သံအဖွဲ့များမှ မှတ်တမ်းရုပ်သံအစီအစဉ်များအဖြစ် လာရောက်ရိုက်ကူးလျက်ရှိကြောင်း သိရသည်။ လာရောက်ရိုက်ကူးခဲ့သည့် ပြည်ပရုပ်သံအဖွဲ့များမှာ ၂၀၀၇ခုနှစ်ထဲတွင် ဂျာမန်ရုပ်သံအဖွဲ့၊ ယခုနှစ်ဇန်နဝါရီလတွင် ဂျပန်နိုင်ငံမှ NHKရုပ်သံအဖွဲ့တို့ဖြစ်ပြီး နောက်ထပ်ဂျပန် ရုပ်သံအဖွဲ့ တစ်ဖွဲ့လည်း လာရောက်ရိုက်ကူးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထိန်းသိမ်းရေး ဇရိယာအတွင်းရှိ ဧရာဝတီလင်းပိုင်များကို ကမ္ဘာလှည့်ခရီးသည်များ လာရောက်ကြည့်ရှုလေ့လာခြင်းနှင့် ပတ်သက်၍ **"ကမ္ဘာလှည့်ခရီးသည် လာရောက်လေ့လာကြည့်ရှုတဲ့ အရေအတွက်က တစ်နှစ်ထက်တစ်နှစ် ပိုများလာတယ်။ ပြီးခဲ့တဲ့ နှစ်နဲ့ယှဉ်ကြည့်ရင် ဒီနှစ်မှာ ပိုများလာတာကို တွေ့ရတယ်။ ခရီးသွားလုပ်ငန်းလုပ်တဲ့ ကုမ္ပဏီတွေအနေနဲ့ကလည်း အဲဒီဒေသကို သွားရောက်လေ့လာဖို့ ကြော်ငြာတွေထည့်ပြီး ခေါ်နေတာတွေ လုပ်ကြတယ်။ နောက်ပိုင်းမှာ ကမ္ဘာလှည့်ခရီးသည်တွေအတွက် ဧရာဝတီလင်းပိုင်နဲ့ ပတ်သက်ပြီး အမှတ်တရတီရှပ်တွေ လုပ်ပေးသွားဖို့အစီအစဉ်လည်း ရှိပါတယ်"**ဟု ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြသန်းထွန်းက ပြောကြားသည်။

ဧရာဝတီလင်းပိုင်သည် မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်ရိုးတစ်လျှောက်အပြင် အင်ဒိုနီးရှားနိုင်ငံရှိ မဟာခမ်မြစ်၊ အိန္ဒိယနိုင်ငံရှိ ဂင်္ဂါမြစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဗြဟ္မပုတ္တရမြစ်နှင့် မဲခေါင်မြစ်ကြောင်းတစ်လျှောက်တွင်လည်း နေထိုင်ကျက်စားလျက်ရှိသည်။

မြန်မာနိုင်ငံရှိ ဧရာဝတီလင်းပိုင်များကို အေဒီ ၈၀၀ပြည့်နှစ်များကစတင်၍ တရုတ်ပြည် တန်မင်းဆက်၏ သမိုင်းမှတ်တမ်းများတွင်

သတင်းဆောင်းပါး – ရဲဝင်းဆောင်(ကြေးမုံ)
ဓာတ်ပုံ – ငါးလုပ်ငန်းဦးစီးဌာန

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇရိယာသို့ ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားလျက်ရှိပြီး တစ်နှစ်ထက် တစ်နှစ် ပိုမို လာရောက်လေ့လာလျက်ရှိသည်။

တွေ့ရှိရပြီး ဧရာဝတီမြစ်အတွင်း အများအပြားတွေ့ရှိရကြောင်း၊ ၁၉ရာစုနှစ်အတွင်း John Anderson အမည်ရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်၏ ရေးသားဖော်ပြချက်တွင် **"ဧရာဝတီလင်းပိုင်များကို ဗန်းမော်မြို့မှ ပြည်မြို့အထိ ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် တွေ့ရှိရကြောင်း"** ပါရှိသည်။

ဧရာဝတီလင်းပိုင် သုတေသနပြုလေ့လာရေး ခရီးစဉ်ကို ငါးလုပ်ငန်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန စသည့် အစိုးရအဖွဲ့အစည်းများနှင့်အတူ သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့ (WCS) ၊ ဝေလငါးနှင့် လင်းပိုင်ထိန်းသိမ်းရေးအဖွဲ့ (WDCS)တို့မှ ပြည်တွင်း၊ပြည်ပ ပညာရှင်များပူးပေါင်း၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်၂၀၀၂ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ပထမဆုံးအကြိမ် လေ့လာခဲ့ကြပြီး ယခုနှစ် ဇန်နဝါရီလ ၆ရက်နေ့မှ ၃၁ရက်နေ့အထိ နောက်ဆုံးအကြိမ် သုတေသနပြုလုပ်ခဲ့ကြောင်း သိရသည်။

ဧရာဝတီလင်းပိုင်နှင့် ရေလုပ်သားများ အတူပူးပေါင်း ငါးဖမ်းဆီးကြစဉ်။

ထိုသို့ သုတေသနပြုလုပ်ခဲ့ရာတွင် လေ့လာတွေ့ရှိချက်များအရ ဧရာဝတီလင်းပိုင်များမှာ တရားမဝင် ငါးဖမ်းဆီးခြင်းများ၊ ရွှေလုပ်ငန်းများ၊ သစ်လုပ်ငန်းများကြောင့် ထိခိုက်မှုများ ရှိလာပြီး ကောင်ရေမှာ လျော့နည်းလာကြောင်း၊ ယနေ့အချိန်တွင် ဧရာဝတီမြစ်ရိုးတစ်လျှောက် ဧရာဝတီလင်းပိုင်ကောင်ရေ ၆၃ကောင်ခန့်သာ ကျန်ရှိတော့ကြောင်း၊ ထို့ကြောင့် ဧရာဝတီလင်းပိုင်များ မျိုးမသုဉ်းရေး၊ ရေရှည်တည်တံ့နိုင်ရေးအတွက်မှာ အစိုးရအဖွဲ့အစည်းများနှင့်အတူ အစိုးရ မဟုတ်သော အဖွဲ့အစည်း (NGO) များ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်း၍ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တင်ပြရေးသားရပါသည်။ ။



ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာ၌ ရဟန်းသာမဏေများအား သာသနာ့ဘောင်သို့ ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၈

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ အလှူရှင် သီရိသုဓမ္မဓဇောတရေ ဦးမြင့်စိုးနှင့် ဇနီး ဒေါ်မြမြစိုး မိသားစုတို့က တတိယအကြိမ်မြောက် ရဟန်းခြောက်ပါး၊ သာမဏေ ၁၃၀တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပွဲကို မတ် ၂၃ရက်တွင် ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာရှိ မဟာစည်ရွှေကျင်တိုက်သစ် ဘုန်းတော်ကြီးကျောင်းမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရဟန်းလောင်းများ၊ သာမဏေလောင်းများက ကျွန်းကုန်းဆရာတော် ဘဒ္ဒန္တတေဇောသာရထံတွင်ရဟန်းလောင်းအလှူရှင် သီရိသုဓမ္မဓဇောတရေ ဦးမြင့်စိုး၊ ဗိုလ်မှူးကြီးအောင်မြင့်သူ(ငြိမ်း)နှင့် ဦးစိုးဝင်း(စဉ့်ကူစိုးဝင်း)တို့ အပါအဝင် ရဟန်းလောင်းခြောက်ပါး၊ သာမဏေ ၁၃၀တို့ ရှင်သာမဏေပြုကြသည်။

ညပိုင်းတွင် မြောင်းမြမြို့ ပဉ္စောတာရုံ ပါဠိတက္ကသိုလ် စာချနာယက ဓမ္မာစရိယ ဘဒ္ဒန္တဝေပုလ္လက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူသည်။

ထို့နောက် ခဏ္ဍာသိမ်တော်၌ ကျွန်းကုန်းဆရာတော်အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘောင်သို့ ချီးမြှင့်ပေးပြီး အလှူရှင်များက သိမ်ဆင်းလောင်းလှူကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မင်္ဂလာမဏ္ဍပ်၌ ကျွန်းကုန်းဆရာတော်ထံမှ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်နှင့် အဖွဲ့ဝင်များ၊ ကျွန်းကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများက အနုမောဒနာတရားနာယူကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အလှူရှင် မိသားစုက ဆရာတော်၊ သံဃာတော်များ၊ ဒုလ္လဘရဟန်းများနှင့် သာမဏေများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ပရိသတ်တို့အား နံနက်စာဖြင့် စတုဒိသာကျွေးမွေးလှူဒါန်း၍ဓမ္မမိတ်ဆွေများအား ဇလွန်ပြည်တော်ပြန် မာန်အောင်မြင်ဘုရားသို့ ဘုရားဖူးဒါနပြုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်) သင်္ကြန် အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇဓမ္မာစရိယ၊ ဂဏဝါစကဓမ္မာစရိယသည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မဲပလီကျေးရွာ အောင်သိဒ္ဓိကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၃၀၂)၏ (တန်ခူးလဆန်း ၆ ရက်မှ ၁၂ ရက်) ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် မဟာသင်္ကြန် အထူးတရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းပွဲတွင် ဒုလ္လဘ၊ သီလရှင်ဝတ်လိုသူများ ဦးအောင်မြင့်–ဒေါ်ထွေးကြည်မိသားစုတို့က ပရိက္ခရာများလှူဒါန်းမည်ဖြစ်ပါ၍ ကြိုတင် စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

တာမွေမြို့နယ် အမက(၈) ၂၀၀၆–၂၀၀၇ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းငွေ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်ပထမဆုရ မောင်ခန့်ရှိန်သော်အား ဆုချီးမြှင့်စဉ်။ (ဝ၈)

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်မိန့်ခွန်းပြောကြား

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ စစ်ရေးပြမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် ဦးဆောင်သော စစ်ရေးပြစစ်ကြောင်းသည် စစ်ရေးပြကွင်းအတွင်းသို့ ချီတက်နေရာယူသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းသည် စစ်ရေးပြကွင်းအတွင်းရှိ စင်မြင့်၌ နေရာယူပြီး စစ်ရေးပြစစ်ကြောင်း၏ အလေးပြုခြင်းကိုခံယူသည်။

အလေးပြု

ယင်းနောက် တိုင်းမှူး၊ စစ်ရေးပြစစ်ကြောင်းနှင့် ဧည့်ပရိသတ်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြသည်။

ဆက်လက်၍ စစ်ရေးပြစစ်ကြောင်းမှ တပ်မတော်သားများက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်း ပြောကြားသည်။

ယင်းနောက် တိုင်းမှူးက ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ပထမဆုများရရှိကြသော တပ်သား၊ အကြပ်၊ အရာခံနှင့် အရာရှိ လေးဦးတို့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြအခမ်းအနား၌ အကောင်းဆုံးစစ်ရေးပြအထူးဆု လေးဆုနှင့် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုများရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးအား စစ်ရေးပြစစ်ကြောင်းက အလေးပြုကာ စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် မတ် ၂၈

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့ အလယ်ပိုင်းတို့၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။(သတင်းစဉ်)

ကြေးမုံ The Mirror (၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဖွံ့ဖြိုးရေးဓာတ်ပုံကဏ္ဍ အညွှန်း

❒ **"အမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်တစ်ရပ်၏ ပင်မတာဝန်ဖြစ်သော်လည်း တပ်မတော်တစ်ရပ်တည်းကသာ တာဝန်ယူဆောင်ရွက်၍ ပြီးမြောက်နိုင်သည့် ကိစ္စမဟုတ်ပေ။ နိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြကုန်သော ညီအစ်ကိုနောင်ဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့က တပ်မတော်နှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကူညီကာ စည်းလုံးညီညွတ်စွာ ကာကွယ်စောင့်ရှောက်ကြမှသာ 'ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့' ဝင်လာနိုင်သည့် ဘေးဘျမ်းအန္တရာယ်တို့ မြူမျှပင် မတင်အောင် ဖယ်ရှားနိုင်မည်ဖြစ်သည်။"**

စည်သူအောင်၏ **"ရေကိုသား၍ အကြားမထင်သကဲ့သို့"** (ဆောင်းပါး) စာမျက်နှာ– ၆

❒ မောင်ရည်တင့်(မအူပင်)၏ **"မတ်လ၏ညတစ်ည"** (ကဗျာ) စာမျက်နှာ– ၇

❒ ကောင်းထက်၏ **"ဒို့တာဝန်အရေးသုံးပါး"** (ကာတွန်း) စာမျက်နှာ–၇

❒ **"တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများကဏ္ဍ"** (ဓာတ်ပုံကဏ္ဍ) စာမျက်နှာ–၈